# ကျားမတန်းတူရေး မြှင့်တင်ခြင်းဆိုင်ရာ မဟာဗျူဟာများ

Salween Institute for Public Policy မှ
အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့်
ပူးပေါင်းထုတ်ဝေသော မူဝါဒရေးရာ စာတမ်း

၂၀၁၈ ခုနှစ် ဇန်နဝါရီလ

# ကျားမတန်းတူရေး မြှင့်တင်ခြင်းဆိုင်ရာ မဟာဗျူဟာများ

Salween Institute for Public Policy မှ
အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့်
ပူးပေါင်းထုတ်ဝေသော မူဝါဒရေးရာ စာတမ်း

၂၀၁၈ ခုနှစ် ဇန်နဝါရီလ

Women's League of Burma

THE SALWEEN INSTITUTE
*for* Public Policy

THE SALWEEN INSTITUTE
*for* Public Policy

## သံလွင်ပြည်သူ့ရေးရာ မူဝါဒများ လေ့လာရေးအဖွဲ့

Salween Institute သည် သုတေသနသုံးသပ်ချက်များ ပြုစုရေးသားထုတ်ဝေခြင်းနှင့် နိုင်ငံတဝှမ်းလုံးရှိ လူမှုအသိုင်းအဝိုင်းများ၏ ခေါင်းဆောင်များကို မူဝါဒပိုင်းဆိုင်ရာများနှင့်ပတ်သက်သည့် စွမ်းရည်မြှင့်တင်ပေးခြင်းတို့ဖြင့် ပြည်သူ့ရေးရာမူဝါဒများ ရေးဆွဲချမှတ်ခြင်းဖြစ်စဉ်များကို ပံ့ပိုးကူညီရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ တိုင်းသူပြည်သားများအားလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်တစ်ရပ် ပုံဖော်ရာတွင် အကူအညီပေးရန် မျှော်မှန်းထားပါသည်။

သုတေသနပြုခြင်း၊ သင်တန်းပေးခြင်းများနှင့် နည်းပညာအထောက်အကူများ ပံ့ပိုးပေးခြင်းတို့မှတဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ မူဝါဒများ ရေးဆွဲချမှတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များအား စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် မူဝါဒရေးဆွဲချမှတ်သူများအား စည်းရုံးလှုံ့ဆော်ခြင်းများကို လုပ်ဆောင်နေပါသည်။

### ခံယူချက်များ

- ငြိမ်းချမ်း၍ သာယာဝပြောသော ပြည်ထောင်စုမြန်မာနိုင်ငံတည်ဆောက်နိုင်ရန် တိုင်းရင်းသားလူမျိုးများအားလုံးအတွက် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးသည် အခြေခံအကျဆုံးဖြစ်သည်။
- ခိုင်မာသည့် နည်းပညာပိုင်းဆိုင်ရာ အခြေခံသည်လည်း မြန်မာနိုင်ငံ၏ စုံလင်ကွဲပြားမှုများ များပြားလှသည့် လူမှုအသိုင်းအဝိုင်းများအကြား လူမှုရေးအရ ပေါင်းစည်းညီညွတ်မှုများအတွက် လွန်စွာအရေးကြီး ပါသည်။

Women's League of Burma

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်း နောက်ခံကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်းပေါင်း ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် တည်ထောင် ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အပါအဝင်ကဏ္ဍ အားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင် လုပ်ကိုင်လာစေရေး အတွက် ဦးတည်ဆောင်ရွက်လျှက်ရှိသည်။

### ရည်ရွယ်ချက်များ

- အမျိုးသမီးများ စွမ်းရည်မြှင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား၊ မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

# အမှာစာ

မိမိတို့ နိုင်ငံသည် လက်ရှိတွင် အလွန်အရေးကြီးသည့် သမိုင်း အလှည့်အပြောင်း အချိုးအကွေ့တစ်ရပ်ကို ဖြတ်သန်းနေသည့်ကာလဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော် သက်ဆိုးရှည်လာခဲ့သည့် ပြည်တွင်းစစ်ကြီး ချုပ်ငြိမ်းပြီး တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမည့် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တိုင်းရင်းသား တန်းတူရေးတို့ကို အာမခံသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရန် ဝိုင်းဝန်း ကြိုးပမ်းနေကြသည့်ကာလလည်းဖြစ်ပါသည်။ ဤကဲ့သို့သော သမိုင်းမှတ်တိုင်ထူမည့် ကာလအတွင်း နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏ စွမ်းအင်များ၊ စွမ်းအားများ၊ အစွမ်းအစများကို အပြည့်အဝ အသုံးပြုသွားရန် လိုအပ်ပါသည်။

သို့ရာတွင် အပစ်အခတ်ရပ်စဲရေး၊ ပြည်ထောင်စုတည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် တွေ့ဆုံဆွေးနွေး ခြင်းများအဆင့်ဆင့်တွင် မြန်မာနိုင်ငံ လူဦးရေစုစုပေါင်း၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများ၏ ကိုယ်စားပြု မှုများ၊ အသံများ အပြည့်အဝ ပါဝင်နေခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ပြီးခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရသက်တမ်းနှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော အစိုးရသက်တမ်း နှစ်ရပ်လုံး၏ ဝန်ကြီးဌာနများနှင့် အုပ်ချုပ်ရေးယန္တယားများအဆင့်ဆင့်တွင်လည်း အမျိုးသမီးများ၏ ပါဝင်မှုများ လွန်စွာ နည်းပါးနေသေးသည်ကို တွေ့ရှိရပါသည်။

လွှတ်တော် သက်တမ်း နှစ်ဆက်မှ အများပြည်သူ တို့ကို အကျိုးပြုရန်၊ ဝန်ဆောင်မှုပေးရန် ရည်ရွယ်ချက်တို့ဖြင့် ချမှတ်ခဲ့သည့် မူဝါဒများကို လေ့လာသုံးသပ်ကြည့် မည်ဆိုပါကလည်း အမျိုးသမီးများ၏ အမျိုးသားများနှင့် မတူကွဲပြားသည့် အမြင်သဘောထားများ၊ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းများ ပျက်ကွက်နေသည်ကို တွေ့ရပါသည်။ ရလဒ်မှာ နိုင်ငံသား အမျိုးသမီးများ၏ လိုအပ်ချက်များကို တိုက်ရိုက်အကျိုးပြုနိုင်မည့် မူဝါဒများ ပေါ်ထွက်လာခြင်း မရှိသည်ကို တွေ့ရပါသည်။

သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးတို့ကို ရှေ့ရှုသည့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းခြင်းများ၊ နိုင်ငံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများ၊ ဥပဒေပြုရေးအဆင့်ဆင့်နှင့် အုပ်ချုပ်ရေး အဆင့်ဆင့်တို့တွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်းများတွင် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ပြုစုရေးသားထုတ်ဝေလိုက်ပါသည်။ ကျားမရေးရာ အရေးကိစ္စများကို ပိုမိုသိရှိ နားလည်လာခြင်းမှစ၍ ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင် လာစေခြင်းဖြင့် ကျားမတန်းတူရေးကို ဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့် ပါသည်။

Salween **ပြည်သူ့မူဝါဒရေးရာ လေ့လာရေးအဖွဲ့** **အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**

# ကျေးဇူးတင်လွှာ

၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် Salween Institute for Public Policy မှ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့်ပူးပေါင်း၍ အမျိုးသမီးများနှင့် ဖက်ဒရယ်ပြည်ထောင်စု - ပြည်ထောင်စု တည်ဆောက်ရေးဖြစ်စဉ်အတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ ကျားမတန်းတူရေး ဆိုင်ရာ အမြင်သဘောထားစာတမ်းကို ပြန်လည်သုံးသပ်ခြင်းနှင့် စာတမ်းအသစ်တစ်စောင် ပြုစုရေးသားခြင်းများ ပြုလုပ်ရန်လိုအပ်သည်ဟု ထိုဆွေးနွေးပွဲအပြီးတွင် အကြံပြုခဲ့သည့် အမျိုးသမီးများအား အထူးကျေးဇူးတင်ရှိပါသည်။

ဤစာတမ်းထုတ်ဝေနိုင်ရေးအတွက် ကနဦး အချက်အလက်စုဆောင်းခြင်းများကို တာဝန်ယူ လုပ်ဆောင်ခဲ့သည့် Salween Institute အဖွဲ့သားများအားလုံး အထူးသဖြင့် ဤစာတမ်းကို ပြုစုရေးသားခဲ့သည့် ရှိုင်းကိုကိုလွင်နှင့် ဒေးဗစ်ဘရန်ဂျာတို့ကို ကျေးဇူးတင်ရှိပါသည်။ ဤစာတမ်းပြည့်စုံ၊ ထိရောက်မှုရှိစေရန် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းများတွင် ပါဝင်ခဲ့သည့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အကြံပေးများ၊ မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရုံးအဖွဲ့များ အားလုံးကိုလည်း ကျေးဇူးတင်ရှိလိုပါသည်။

ဤစာတမ်းတွင် ပါရှိသည့် အချက်အလက်များ၊ အကြောင်းအရာများ တည်ဆောက်ရာတွင် အချိန်ပေး၍ သုံးသပ်ခြင်း၊ စိစစ်ခြင်းများကို မအားလပ်သည့်ကြားမှ အချိန်ပေး ကူညီခဲ့ကြသည့် နန်းလောဝ်လျန်းဝမ်း၊ မိဆူးပွင့်၊ ဒေါ်သင်းသင်းအောင်၊ နော်မေဦး၊ မွန်းနေလီနှင့် လွေးပိုးငယ်တို့ကိုလည်း အထူးကျေးဇူးတင်ရှိလိုပါသည်။ ဤစာတမ်းဖြစ်မြောက်ရေးအတွက် အားလုံးမှ တတ်စွမ်းသမျှ ကူညီခဲ့ကြပါသည်။ သို့သော် ဤစာတမ်းတွင် အားနည်းချက်များ၊ အချက်အလက် မပြည့်စုံခြင်းများ ရှိခဲ့ပါက စာတမ်းပြုစုရေးသားခဲ့သည့် သူများ၏ အားနည်း ချက်များသာဖြစ်ကြောင်း ဝန်ခံလိုပါသည်။

နောက်ဆုံးအနေဖြင့် အသိအမှတ်ပြုလိုသည်မှာ ဤသုတေသနစာတမ်း ပြုစုရေးသားနိုင်ရေးနှင့် အကြံဉာဏ် ရယူရေး အလုပ်ရုံဆွေးနွေးပွဲများအတွက် ရံပုံငွေများ ထောက်ပံ့ပေးခဲ့ကြသည့် Freedom House၊ Open Society Foundation နှင့် Project 2049 တို့ ဖြစ်ပါသည်။

# မာတိကာ


**နိဒါန်း** ၁

**အခန်း (၁) နိုင်ငံရေးကဏ္ဍနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာသင့်သည့် အကြောင်းအရင်းများနှင့် ရရှိလာနိုင်မည့် အကျိုးရလဒ်များ** ၃

(က) ဒီမိုကရေစီအရ တရားဝင်မှု ၃

(ခ) နိုင်ငံတကာအသိုင်းအဝိုင်း ၄

(ဂ) ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် သာယာဝပြောခြင်း ၅

(ဃ) ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုခြင်း ၆

(င) လူမှုတရားမျှတမှု ၇

(စ) ပညာတတ်အမျိုးသမီးဦးရေများ ပိုမိုများပြားမှု ၈

**အခန်း (၂) အမျိုးသမီးများ နိုင်ငံရေးကဏ္ဍအသီးသီးတွင် ပိုမိုပါဝင်လာစေရန် ဟန့်တားနေသည့် အခြေအနေများ** ၉

ဥပဒေဆိုင်ရာ အကန့်အသတ်များ ၉

လူမှုအစဉ်အလာအရ အကန့်အသတ်များ ၁၀

အင်စတီကျူးရှင်းဆိုင်ရာအကန့်အသတ်များ ၁၁

**အခန်း (၃) အမျိုးသမီးများ၏ ပါဝင်မှုနှုန်းများ မြှင့်တင်ခြင်းနှင့် ကျားမတန်းတူရေးများကို အကောင်အထည်ဖေါ် ဆောင်ရွက်ခြင်းဆိုင်ရာ ဗျူဟာများ** ၁၃

ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် ကျားမတန်းတူရေး ၁၄

ကျားမတန်းတူရေးကို ဖော်ဆောင်ရန် ရည်ရွယ်သည့် ကိုတာစနစ် ၁၅

ရွေးကောက်ပွဲစနစ် ၁၆

အခြားသော အစိုးရယန္တယားများ သတ်မှတ်ထားရှိခြင်း ၁၇

ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်း (Gender Budgeting) ၁၈

အစိုးရ၏ ပြည်သူ့ရေးရာ မူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများ ကို ထည့်သွင်းစဉ်းစားခြင်းမူဝါဒ (Gender-Sentive Policy) ၁၉

ကျားမရေးရာများကို အစဉ်တစိုက် အလေးထားသည့် အလေ့အထများ တည်ဆောက်ခြင်း (Gender Mainstreaming) ၂၀

**နိဂုံး** ၂၁

**အကြံပြုတင်ပြချက်များ** ၂၃

ကျမ်းကိုးစာရင်း ၂၇

# နိဒါန်း

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေး၊ တန်းတူရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို အာမခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး ကြိုးပမ်းမှုများတွင် တိုင်းရင်းသား အမျိုးသမီးများက အခန်းကဏ္ဍအသီးသီးမှနေ၍ တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ အစကနဦးကတည်းက လက်တွဲဆောင်ရွက်ခဲ့ ကြပါသည်။ သို့ရာတွင် ခေတ်အဆက်ဆက် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်မည်ဆိုပါက ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍများနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ၏ ပါဝင်မှုများ အစဉ်တလျှောက် နည်းပါးနေသည်ကို တွေ့ရပါသည်။

အမျိုးသမီးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းအချို့တို့မှလွဲ၍ အစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်တို့အပြင် နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအားလုံးတို့၏ ခေါင်းဆောင်ပိုင်းများနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် အခန်းကဏ္ဍများတွင် ယနေ့အချိန်အထိ အမျိုးသမီးများ သိသိသာသာ တိုးမြင့်ပါဝင်လာခြင်းမရှိသေးသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလနှင့် စက်တင်ဘာလတို့တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ကျားမတန်းတူရေးကို ဖော်ဆောင်ရန် ရည်ရွယ်၍ **"အမျိုးသမီးအခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းခြင်း"** နှင့် **"ကျားမတန်းတူရေးဆိုင်ရာ အမြင်သဘောထားစာတမ်း"** ဟု အမည်ရသည့် စာတမ်းနှစ်စောင်ကို ပြုစုရေးသား ဖြန့်ဝေခဲ့ပါသည်။

ကျားမတန်းတူရေးကို ဖော်ဆောင်ခြင်းသည် တရားမျှတမှုရှိသော လူမှုအသိုင်းအဝိုင်းကို တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သည်ဟု ယုံကြည်ထားကြသူများလည်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့်အတူ စည်းရုံးလှုံ့ဆော်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထိုကြိုးပမ်းမှုများ၏ ရလဒ်မှာ ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည့် လွှတ်တော်အမတ်များ၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းပေါင်း ၆၀ ကျော်တို့မှ "ကျားမတန်းတူညီမျှမှုအခွင့်အရေးကို ဖော်ဆောင်နိုင်ရေးအတွက် ဖက်ဒရယ် ပြည်ထောင်စု၏ အဆင့်ဆင့်သော ဥပဒေပြုရေးကဏ္ဍတွင် အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်စေရန် စီမံဆောင်ရွက်ရမည်" ဆိုသည့် **ကျားမတန်းတူရေးကို မြှင့်တင်သည့် ကိုတာစနစ်**ကို အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း၏ ပုဒ်မ ၃၇ တွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ကြသည်။

ဆယ်စုနှစ် တစ်စု ဖြတ်သန်းလာပြီးနောက်တွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ ကျားမတန်းတူရေးဆိုင်ရာ မူဝါဒတရပ်ဖြစ်သည့် "နိုင်ငံရေးဆွေးနွေးမှုအဆင့်ဆင့်တို့တွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေး" မူကို တညီတညွတ်တည်း ချမှတ်ခဲ့ကြသည်။ ဤကဲ့သို့သော မူဝါဒ ချမှတ်လာခြင်းသည် ကျားမတန်းတူရေးကို အကောင်အထည်ဖော်ရန် ကြီးမားသည့်ခြေလှမ်း တစ်လှမ်းဖြစ်သော်လည်း လက်တွေ့တွင် အရေအတွက်ဖြင့်ဖြစ်စေ၊ အရေးပါသည့် အခန်းကဏ္ဍများတွင် ပါဝင်ခြင်းဖြင့်ဖြစ်စေ အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝ၍ ထိရောက်သည့် ပါဝင်မှုများမှာ နည်းပါးနေသေးသည်ကို တွေ့ရပါသည်။ ထို့အပြင် အကြောင်းအရာ၊ အခန်းကဏ္ဍအသီးသီးတို့တွင် ပါဝင်ဆွေးနွေးနေကြသည့် ခေါင်းဆောင်များအနေဖြင့် ကျားမတန်းတူရေးကိစ္စရပ်များကို အစဉ်တစိုက် ထည့်သွင်းစဉ်းစားခြင်းမရှိကြသေးသည်ကိုလည်း တွေ့ရပါသည်။

ထို့ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ညှိနှိုင်းဆွေးနွေးခြင်းများတွင် ပါဝင်တက်ရောက်ခွင့်ရရှိသည့် အမျိုးသမီးများအနေဖြင့် ကျားမတန်းတူရေးကိစ္စရပ်များကို ထည့်သွင်းစဉ်းစားစေလိုသည့်အတွက် အမြဲ ဆွေးနွေးတင်ပြ ရလေ့ရှိပါသည်။ အကျိုးဆက်မှာ အမျိုးသမီးများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရေး၊

တိုင်းရင်းသားတန်းတူရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ တရားမျှတရေးစသည့် အခြားအရေးကြီးသည့် ကိစ္စရပ်၊ အကြောင်းအရာများကိုမဆွေးနွေးဘဲ မိမိတို့ စိတ်ဝင်စားသည့် အမျိုးသမီးအရေးကိစ္စ၊ ကျားမတန်းတူရေး ကိစ္စများကိုသာ အမြဲတမ်း ဆွေးနွေးတင်ပြကြသည်ဟု ထင်မြင်ယူဆလာကြသည်။

ထို့ကြောင့် လွန်ခဲ့သည့် ဆယ်နှစ်ကျော်က ပြုစုရေးသားခဲ့သည့် စာတမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ စာတမ်းများ၏ အားသာချက်နှင့် အားနည်းချက်များကို ထုတ်ဖော်ခြင်း၊ နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများအပေါ် အခြေခံ၍ လက်ရှိအခြေအနေများနှင့် အံဝင်ဂွင်ကျဖြစ်မည့် မူဝါဒများ ပြောင်းလဲချမှတ်နိုင်ရေးလုပ်ငန်းများတွင် တစုံတရာ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဤစာတမ်းကို ရေးသားပြုစုလိုက်ရပါသည်။ ထို့အပြင် လက်ရှိ ကျားမတန်းတူရေးဆိုင်ရာ အခြေအနေများကို ပိုမိုနားလည်သဘောပေါက်၍ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍ မြင့်တင်ရေး လုပ်ဆောင်နေသည့် သူများအတွက် မူဝါဒရေးရာရှင်းလင်းချက်အဖြစ် အသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

ကျားမတန်းတူရေးကို အစဉ်တစိုက်လေးစားလိုက်နာသည့် မူဝါဒများကို ပါဝင်ပါတ်သက်သူများအားလုံး ပိုမိုနားလည်လာစေရန်နှင့် မူဝါဒရေးရာ စဉ်းစားသုံးသပ်ချက်များအတွက် အထောက်အကူပြုစေနိုင်မည်ဟုလည်း မျှော်လင့်ပါသည်။ ထိုမှတဆင့် ပိုမိုထိရောက်၍ အဓိပ္ပါယ် ပြည့်ဝသည့် အနေအထားများဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရန် လှုပ်ရှားဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအတွက် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ အထောက်အကူပြု စာတမ်းအဖြစ် အသုံးပြုသွားနိုင်ရန်လည်း ရည်ရွယ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့မှ အောက်ပါ သုတေသနမေးခွန်းများအပေါ် အခြေခံ၍ အချက်အလက်များ စုဆောင်း၊ လေ့လာသုံးသပ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

၁။ နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် မည်ကဲ့သို့သော အချက်အလက်များ၊ အကြောင်းအရာများနှင့် စည်းရုံးရေးနည်းဗျူဟာများကို အသုံးပြု၍ ထောက်ခံဆွေးနွေးတင်ပြထားသနည်း။
၂။ နိုင်ငံရေးကဏ္ဍအသီးသီးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာသင့်သည်ဟု ယေဘုယျအားဖြင့် လက်ခံသဘောတူထားကြသော်လည်း မည်သည့်အကြောင်းများကြောင့် အမျိုးသမီးများ ပါဝင်မှုနှုန်း နည်းပါးနေရသနည်း။ ထိုအဟန့်အတားများကို မည်သို့ ရင်ဆိုင်ဖြေရှင်းကြမည်နည်း။
၃။ နိုင်ငံရေးတွင် အမျိုးသမီးများပိုမိုပါဝင်လာနိုင်ရေးနှင့် ကျားမတန်းတူရေးကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မည်ကဲ့သို့သော နည်းဗျူဟာများကို အသုံးပြုသွားသင့်သနည်း။

ဤစာတမ်းကို အပိုင်းကြီး ၄ ပိုင်းဖြင့် ဆွေးနွေးတင်ပြထားပါသည်။ **ပထမအပိုင်း**တွင် နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် အဘယ်ကြောင့် အမျိုးသမီးများ ပိုမိုပါဝင်လာသင့်သည်၊ ထိုသို့ပါဝင်လာခြင်းဖြင့် မည်ကဲ့သို့သော အကျိုးရလဒ်များ ရရှိလာနိုင်မည်တို့ကို ယခင် ရေးသားပြုစုထားသော စာတမ်းများကို အခြေခံ၍ ပြန်လည် စုစည်းတင်ပြထားပါသည်။ ထို့နောက် **ဒုတိယအပိုင်း**တွင် အမျိုးသမီးများ နိုင်ငံရေး ကဏ္ဍအသီးသီးတွင် ပိုမိုပါဝင်လာစေရန် ဟန့်တားနေသည့် အခြေအနေများကို သုံးသပ်တင်ပြ၍ ထိုအခြေအနေများကို မည်ကဲ့သို့သော နည်းလမ်းများဖြင့် ပြုပြင်ပြောင်းလဲသွားသင့်သည် တို့ကို ဆွေးနွေးတင်ပြထားပါသည်။

**တတိယအပိုင်း**တွင်မူ အမျိုးသမီးများ နိုင်ငံရေး ကဏ္ဍအသီးသီးနှင့် အဆင့်ဆင့်တိုင်းတွင် ပိုမိုပါဝင်လာစေရန်နှင့် ကျားမတန်းတူရေးများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အခြားနိုင်ငံများတွင် ကျင့်သုံးနေသည့် နည်းဗျူဟာများ၊ ယန္တယားများကို မိတ်ဆက်တင်ပြထားပါသည်။ ဤစာတမ်း၏ **နောက်ဆုံးအပိုင်း**ကို အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် အသိုင်းအဝိုင်းများအသီးသီးတို့အနေဖြင့် ကျားမတန်းတူရေး ကိစ္စများကို မည်ကဲ့သို့ ပိုင်းဝန်းအကောင်အထည်ဖော် လုပ်ဆောင်သွားသင့်သည်ဆိုသည့် အကြံပြုချက်များဖြင့် အဆုံးသပ် တင်ပြထားပါသည်။

# အခန်း (၁)

## နိုင်ငံရေးကဏ္ဍနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာသင့်သည့် အကြောင်းအရင်းများနှင့် ရရှိလာနိုင်မည့် အကျိုးရလဒ်များ

နိုင်ငံရေးသည် လူတိုင်းနှင့်သက်ဆိုင်သည့် အရေးကိစ္စဖြစ်သည်ဟု ဆိုသော်ငြားလည်း ခေတ်အဆက်ဆက် ခွဲခြားဆက်ဆံမှုများနှင့် ဖယ်ကျဉ်ခံရမှုများကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့်အတွက် နိုင်ငံရေးနှင့် ဆုံးဖြတ်ချမှတ်သည့် ဖြစ်စဉ်များတွင် အမျိုးသမီးများ၏ ပါဝင်မှုနှုန်းထားများ စဉ်ဆက်မပြတ် နည်းပါးခဲ့သည်။ နှစ်ပေါင်း ၇၀ နီးပါး ကြာရှည်လာခဲ့သည့် ပြည်တွင်းစစ်ကြီးနှင့် လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းရန် ဆုံးဖြတ်ခြင်းများတွင် အမျိုးသမီးများ ပါဝင်ခဲ့ခြင်း မရှိသော်လည်း ထိုလက်နက်ကိုင် ပဋိပက္ခများ၏ အကျိုးဆက်များကိုမူ အမျိုးသမီးများနှင့် ကလေးသူငယ်များမှ အများဆုံး ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။

လက်ရှိ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေကြရာတွင် အားလုံးပါဝင်ရေးမူသည် အရေးအကြီးဆုံး မူဝါဒတရပ်ဖြစ်သည်ဟု အားလုံးမှ လက်ခံယုံကြည်ထားကြသည်။ ထိုသို့သော အားလုံးပါဝင်ရေးမူကို လက်ခံယုံကြည်ထားကြသည့်အတွက် ပဋိပက္ခတွင် အဓိက ဇာတ်ကောင်များအဖြစ် ပါဝင်ပါတ်သက်နေသည့်သူများအပြင် ပဋိပက္ခ၏ အကျိုးဆက်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် သူများဖြစ်ကြသော အမျိုးသမီးများလည်း ပါဝင်ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရန် လိုအပ်သည်ကိုပါ လက်ခံယုံကြည်ရမည်ဖြစ်သည်။ အားလုံးပါဝင်ရေးမူကို အမှန်တကယ် အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှသာ မိမိတို့ နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ကြသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့အပြင် နိုင်ငံရေးကဏ္ဍနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် အမျိုးသမီးများ၏ ပါဝင်မှုနှုန်းထားများ မြင့်မားလာခြင်းအားဖြင့် ရရှိလာနိုင်သည့် အကျိုးရလဒ်များကိုလည်း အောက်တွင် ဆက်လက်ဆွေးနွေးတင်ပြထား ပါသည်။

### (က) ဒီမိုကရေစီအရ တရားဝင်မှု

ဒီမိုကရေစီစနစ်၏ အဓိကမဏ္ဍိုင် တရပ်မှာ နိုင်ငံသားများ၏ အခွင့်အရေးများနှင့် တန်းတူရေးတို့ဖြစ်သည်။ နိုင်ငံရေး ဖြစ်စဉ်များတွင် ကျားမခွဲခြားခြင်းမရှိဘဲ နိုင်ငံသားတိုင်း တန်းတူညီမျှစွာ ပူးပေါင်းပါဝင်ခွင့်ရှိခြင်း ဖြစ်သည်။ နိုင်ငံသားတိုင်း ထိုအခြေခံအခွင့်အရေးများကို အပြည့်အဝ ကျင့်သုံးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများမှ လိုအပ်သည်များကို စီမံဆောင်ရွက် ပေးရမည်ဖြစ်သည်။ အမျိုးသမီးတိုင်း အမျိုးသားများနည်းတူ တန်းတူလွတ်လပ်ခွင့်နှင့် အခွင့်အလမ်းများကို အပြည့်အဝ ကျင့်သုံးနိုင်မှသာ ကိုယ်ပိုင်ဘဝများကို ရွေးချယ်ဆုံးဖြတ်နိုင်မည်ဖြစ်သည်။[1]

စုံလင်ကွဲပြားသည့် တိုင်းရင်းသားလူမျိုးများစွာဖြင့် တည်ဆောက်ထားသည့် ပြည်ထောင်စုတွင် တိုင်းရင်းသားလူမျိုးတိုင်း၏ ကိုယ်စားပြုပါဝင်မှု ရှိမှသာ ပြည့်စုံလုံလောက်မည်ဖြစ်သကဲ့သို့ လူမှုအသိုင်းအဝိုင်းအတွင်းရှိ အမျိုးသား၊ အမျိုးသမီးတို့၏ ကိုယ်စားပြုပါဝင်မှုရှိမှသာ ဒီမိုကရေစီနည်းလမ်းအရ တရားဝင်မှုရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်သော အမျိုးသမီးများသည်လည်း နိုင်ငံသားများ ဖြစ်ကြသည့်အတွက် အမျိုးသားများနည်းတူ နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဘဝများတွင် အပြည့်အဝ ပါဝင်လုပ်ဆောင်ပိုင်ခွင့်ရှိခြင်းသည် အမျိုးသမီးများ၏ အခြေခံ လူ့အခွင့်အရေးဖြစ်သည်။[2]

1 Burma, W. L. *Looking Through Gender Lenses: Posititon Paper on Gender Equality.* 2006, September. 5.

2 Burma, W. L. *Constituting Our Rights.* 2006, February. 4.

နိုင်ငံသားတိုင်းအပေါ် သက်ရောက်မှုရှိသည့် အစိုးရ၏ ဥပဒေများနှင့် မူဝါဒများကို ရေးဆွဲချမှတ်ရာတွင် အမျိုးသမီးများလည်း တန်းတူပါဝင်ခွင့်ရှိရပါမည်။ လူဦးရေ ထက်ဝက်ကျော်ကို ထိရောက်စွာ ကိုယ်စားမပြုနိုင်သော ဥပဒေပြုအဖွဲ့တရပ် ပေါ်ထွက်လာခြင်းကို ဒီမိုကရေစီနည်းကျသည်ဟု မဆိုနိုင်သကဲ့သို့ပင် ထိုဒီမိုကရေစီ အစိုးရ၏ တရားဝင်မှုကို မေးခွန်းထုတ်စရာ ဖြစ်လာပေမည်။[3]

> ရှမ်းတိုင်းရင်းသားများ၏ အရေးကိစ္စ၊ အမြင်သဘောထားများကို ချင်းတိုင်းရင်းသားများမှ ကိုယ်စားပြု ဆောင်ရွက်ပေးနိုင်မည်ဟု ရှမ်းတိုင်းရင်းသားများမှ လက်ခံသဘောတူမည် မဟုတ်သော်လည်း သဘောထားအမြင်၊ တွေးတောဆင်ခြင်ဉာဏ်များ ကွဲပြားခြားနားကြသည့် အမျိုးသမီးများကို အမျိုးသားများကသာ ကိုယ်စားပြုနေခြင်းကိုမူ လက်ခံကျင့်သုံးနေသည်မှာ တန်းတူရေးအခြေခံမူကို ဆန့်ကျင်နေသည့် သက်သေအထောက်အထား တရပ် ဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူအားလုံး၏ အကျိုးစီးပွားအတွက် မူဝါဒများ ရေးဆွဲချမှတ်ရာတွင် လူဦးရေ ထက်ဝက်ကျော်၏ ထိရောက်သော ကိုယ်စားပြုမှု မပါဝင်ပါက ဒီမိုကရေစီနိုင်ငံရေး၏ အတွေ့အကြုံနှင့် အမြင်ဖလှယ်ခြင်းဖြစ်စဉ် အဆင့်ဆင့်ကို အားနည်းထိခိုက်စေမည်ဖြစ်သည်။[4] ထို့အတူ ကျားမတန်းတူရေးကို ဖော်ဆောင်ရာတွင် အဓိကကျသည့် အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်လာခြင်းသည် နိုင်ငံသားများ အကြား တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့အပေါ် အခြေပြု တည်ဆောက်ထားသည့် ခေတ်သစ် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံ တိုးတက်ထွန်းကားရန်နှင့် ကောင်းမွန်စွာ လည်ပတ်နိုင်ရန် မရှိမဖြစ် လိုအပ်ပါသည်။[5]

## (၁)
## နိုင်ငံတကာ အသိုင်းအဝိုင်း

> "ကျားမ တန်းတူရေးသည် ယနေ့ခေတ်ကာလ၌ ကမ္ဘာတစ်ဝှမ်း လက်ခံကျင့်သုံးနေသည့် စံတစ်ရပ်ဖြစ်သည်။ မိမိတို့သည် ယဉ်ကျေးမှုထွန်းကားသည့် လူ့အဖွဲ့အစည်းအတွက် ကျားမ တန်းတူရေးကို အဓိကကျသည့် စံတစ်ရပ်အဖြစ် လက်ခံကျင့်သုံးနေသည့် ကမ္ဘာ့ ဒီမိုကရေစီ ခေတ်အတွင်း လက်ရှိနေထိုင်ကြခြင်းဖြစ်သည်။ ကမ္ဘာတဝှမ်းလုံး လွှမ်းခြုံ ပတ်သက်နေသည့် ယခုခေတ်ကာလတွင် ကျားမဆိုင်ရာနှင့် တရားမျှတမှုဆိုင်ရာ စံတန်ဖိုးများကို ခံစားကျင့်သုံးနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်းရှိ ဓလေ့ထုံးတမ်းများကို မြတ်နိုးလေးစားစွာ ထိန်းသိမ်းနေရုံသာမက ပြုပြင်ပြောင်းလဲနိုင်ရန်လည်း လိုအပ်သည်။"[6]

အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်လာစေရေးအတွက် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံထားမှုများအားလုံး ပပျောက်ရေး သဘောတူညီချက်စာချုပ် CEDAW နှင့် ဘေဂျင်းလမ်းညွှန်မူဘောင်များက အတည်ပြုထားသည်။ CEDAW ၏ ပုဒ်မ ၄ တွင် ကျားမတန်းတူရေးကို ဖော်ဆောင်ရန် အစိုးရတို့အနေဖြင့် ယာယီအထူးစီမံဆောင်ရွက်ချက်များကို ချမှတ်ဖော်ဆောင်သွားရမည့် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ ထိုသို့သော အထူးစီမံဆောင်ရွက်ချက်များကို အမျိုးသမီးများအတွက် တန်းတူညီသော အခွင့်အလမ်းများနှင့် ဆက်ဆံရေးများ အောင်မြင်သည်အထိ အကောင်အထည်ဖော်ပြီးမှသာ ရပ်တန့်ရမည်ဖြစ်သည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် အမှတ် (၅) တွင်လည်း ကျားမ တန်းတူရေးနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေးအတွက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား တူညီသော ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ သင့်တင့်

---

3 *Burma, W. L. Looking Through Gender Lenses: Posititon Paper on Gender Equality. 2006, September. 5.*

4 *Ibid.*

5 *Burma, W. L. Constituting Our Rights. 2006, February. 4.*

6 *Burma, W. L. Constituting Our Rights. 2006, February. 4.*

လျှော့ကျပတ်သော အလုပ်အကိုင်၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ်များတွင် ကိုယ်စားပြုပါဝင်လာနိုင်စေရန် ပံ့ပိုးပေးခြင်းသည် ရေရှည်တည်တံ့သော စီးပွားရေး၊ လူ့ဘောင်အဖွဲ့အစည်းနှင့် လူသားမျိုးနွယ်အတွက် အကျိုးဖြစ်စေသော အားဖြည့်မှု တစ်ရပ်ဖြစ်သည်ဟု ဖော်ပြထားသည်။[7]

> ငြိမ်းချမ်းရေးတည်ဆောက်ရန် အမှန်တကယ်ပင် ကြိုးပမ်းနေသည့် ဆိုပါက နိုင်ငံတော်အစိုးရအပြင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ပါတ်သက်နေသူများအားလုံး ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ သတ်မှတ်ထားသည့် စံချိန်စံနှုန်းများနှင့်အညီ လုပ်ဆောင်သွားရမည့် တာဝန်အပြည့်အဝရှိကြပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် UNSCR ၁၃၂၅ ၏ မဏ္ဍိုင်ကြီး လေးရပ်ဖြစ်သောကြိုတင်ကာကွယ်ခြင်း၊ပါဝင်ဆောင်ရွက်ခြင်း၊ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကယ်ဆယ်၊ ပြန်လည်ထူထောင်ခြင်းတို့သည် အမျိုးသမီးများ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပိုမိုပါဝင်လာစေရန် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကတိကဝတ်ပြုထားသော ဆုံးဖြတ်ချက်များ ဖြစ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများမှ ရင်ဆိုင်နေရသည့် လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်များနှင့် ပဋိပက္ခများကို ဖြေရှင်းရေး၊ တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့တွင် အမျိုးသမီးများ၏ အရေးပါသည့် အခန်းကဏ္ဍကို မီးမောင်းထိုးပြထားသည်။

အထူးသဖြင့် ပဋိပက္ခကာကွယ်တားဆီးရေး၊ စီမံခန့်ခွဲရေးနှင့် ဖြေရှင်းရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် အမျိုးသမီးများ အဓိပ္ပါယ်ရှိရှိ ကိုယ်စားပြုပါဝင်ရေးနှင့် ကျားမရေးရာကိစ္စရပ်များကို မြှင့်တင်ပေးရန် တိုက်တွန်းထားသည်။[8] အရေးကြီးဆုံးအချက်မှာ ငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းရေး လုပ်ငန်းစဉ် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်မှုရှိစေရန်လည်း အထူးတလည် တောင်းဆိုထားသည်။[9]

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော လမ်းညွှန်မှုများ၊ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် တာဝန်ရှိသည့်အပြင် CEDAW ကို လက်မှတ်ရေးထိုးထားသည့်အတွက် စာချုပ်ပါအချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသည်။ လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်ရန် အမှန်တကယ်ပင် ကြိုးပမ်းနေသည် ဆိုပါက နိုင်ငံတော်အစိုးရအပြင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ပါတ်သက်နေသူများအားလုံး ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ သတ်မှတ်ထားသည့် စံချိန်စံနှုန်းများနှင့်အညီ လုပ်ဆောင်သွားရမည့် တာဝန်အပြည့်အဝရှိကြပါသည်။[10]

## (၈) ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် သာယာဝပြောခြင်း

အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများ၏ လူနေမှုအဆင့်အတန်းများသည် လူမှုအသိုင်းအဝိုင်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှု အခြေအနေကို တိုင်းတာရာတွင် အဓိကကျသည့် စံချိန်စံနှုန်းများဖြစ်သည်။ အမျိုးသမီးများ၏ ဘဝအခြေအနေ တိုးတက်လာသည်နှင့်အမျှ လူမှုအသိုင်းအဝိုင်းတရပ်လုံး၏ အခြေအနေလည်း တိုးတက်လာသည်။

ထို့ကြောင့် ကမ္ဘာ့ဘဏ်၏ ရှာဖွေတွေ့ရှိချက်များတွင် အမျိုးသမီးများသည် ကလေးငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် မိသားစု ဝင်ငွေကို ပိုမိုအသုံးပြုကြပြီး လူ့အဖွဲ့အစည်းတခုလုံး၏ လူမှုဖူလုံရေးကို ပိုမိုကောင်းမွန်လာစေသည့်အပြင် ကလေးငယ်များ၏ အသက်ရှင်နှုန်းကိုလည်း တိုးမြင့်လာစေသည်ဟု ဖော်ပြထားသည်။[11] အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်တွင် ပါဝင်မှု ပိုမိုများပြားလာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဖွံ့ဖြိုးရေးဆိုင်ရာ အသုံးစရိတ်များအတွက် ဘဏ္ဍာငွေများ ချမှတ်ပေးခြင်းများ ပိုမိုများပြားလာသည်။[12]

---

7 *United Nations. Sustainable Development Goals.*

8 *Alliance for Gender Inclusion in the Peace Process (AGIPP). Policy Paper No. 3.*

9 *Alliance for Gender Inclusion in the Peace Process (AGIPP). Policy Paper No. 3.*

10 *Burma, W. L. Looking Through Gender Lenses: Posititon Paper on Gender Equality. 2006, September. 7.*

11 *Burma, W. L. Looking Through Gender Lenses: Posititon Paper on Gender Equality. 2006, September. 7.*

12 *National Democratic Institute. Why Women in Politics?. 5.*

> အမျိုးသမီးများ၏ လူနေမှုဘဝများ တိုးတက်လာစေခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ မူဝါဒချမှတ်ခြင်းနှင့် နိုင်ငံရေး၊ ငြိမ်းချမ်းရေးကဏ္ဍတို့တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေခြင်းသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၁ မှ ၂၀၁၆ ခုနှစ်အတွင်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများကို ကောက်ခံသော သုတေသနအရ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များသည် ဆင်းရဲမွဲတေခြင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ခြင်း၊ တရားမဝင် မူးယစ်ဆေးဝါးရောင်းချခြင်း၊ တိုင်းရင်းသားနှင့် ဘာသာရေး ပဋိပက္ခများ၊ မြေသိမ်းခြင်း၊ မြေပိုင်ဆိုင်မှုကဲ့သို့သော တိုင်းပြည်၏ ရေရှည်သာယာဝပြောမှုကို ထိခိုက်စေသည့် ကိစ္စရပ်များကို စိုးရိမ် ပူပန်ကြသည်ဟု တွေ့ရှိရပါသည်။[13]

အမျိုးသမီးများအားနိုင်ငံရေးနှင့်ခေါင်ဆောင်မှုများတွင်ပိုမိုပါဝင်လာစေရန်စွမ်းရည်မြှင့်တင်ခြင်းနှင့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် နိုင်ငံ၏ လူနေမှုအဆင့်အတန်းများ၊ ပညာရေးနှင့် ကျန်းမာရေး အခြေအနေများ၊ အခြေခံအဆောက်အအုံများတွင် အပြုသဘောဆောင်သည့် တိုးတက်ပြောင်းလဲမှုများမှတဆင့် ဒီမိုကရေစီစနစ် ပိုမိုရှင်သန်လာစေမည့် ခိုင်မာသည့် ခြေလှမ်းများကို လှမ်းလာနိုင်မည်ဖြစ်သည်။[14]

အထက်ဖော်ပြပါ သုတေသနတွေ့ရှိချက်များ၊ သုံးသပ်ချက်များသည် အမျိုးသမီးများ၏ လူနေမှုဘဝ တိုးတက်ပြောင်းလဲမှုနှုန်းထားနှင့် နိုင်ငံတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းထားတို့ ဆက်စပ်နေကြသည့် သက်သေပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ၏ လူနေမှုဘဝများ တိုးတက်လာစေခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ မူဝါဒချမှတ်ခြင်းနှင့် နိုင်ငံရေး၊ ငြိမ်းချမ်းရေးကဏ္ဍတို့တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေခြင်းသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ခြင်းဖြစ်သည်။

## (ဃ) ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုခြင်း

အမျိုးသမီးများ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပိုမိုပါဝင်လာစေခြင်းအားဖြင့် ငြိမ်းချမ်းရေး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် များစွာအထောက်အကူပြုနေသည်ကို National Democrtaic Institute မှ ထုတ်ဝေထားသော အမျိုးသမီးများ နိုင်ငံရေးတွင် အဘယ်ကြောင့် ပါဝင်သင့်သည်ဆိုသည့် သုတေသနတွေ့ရှိချက်များတွင် အောက်ပါအတိုင်း သုံးသပ်ရေးသားထားသည်။[15]

> အမျိုးသမီးများ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် ပိုမိုပါဝင်လာခြင်းဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ၊ ပဋိပက္ခလွန် ပြန်လည်တည်ဆောက်ရေးနှင့် အုပ်ချုပ်ရေးများကို ပိုမိုတည်တံ့ခိုင်မြဲနိုင်စေသည့် သက်သေအထောက်အထားများ ဖြစ်ပါသည်။

၁။ အမျိုးသမီးများသည် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ပဋိပက္ခလွန် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများတွင် ခံယူချက်ခိုင်မာကြပြီး တွေ့ဆုံဆွေးနွေးရေး စကားဝိုင်းသို့ ထူးခြားမှုရှိ၍ အားကောင်းသည့် ရှုထောင့်များ ယူဆောင်လာကြခြင်းဖြင့် ငြိမ်းချမ်းရေးကို ဝိုင်းဝန်း တည်ဆောက်နိုင်သည်။

၂။ အမျိုးသမီးများသည် လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်များကို အလွန်အကျွံ ရင်ဆိုင်ခဲ့ရသည့်အတွက် တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေးတို့အတွက် အင်တိုက်အားတိုက် စည်းရုံးလှုံ့ဆော်ကြသည်။

၃။ အပြောင်းအလဲကာလနှင့် ပဋိပက္ခကာလအလွန် အစိုးရများအတွင်း အမျိုးသမီးများ၏ ပါဝင်မှုသည် တည်ထောင်စ အင်စတီကျူးရှင်း အသစ်များအတွက် တရားဝင်မှု မြင့်မားစေခြင်း၊ အစိုးရ၏ လာဘ်စားမှု လျော့ကျစေခြင်း၊ နိုင်ငံရေးအရ ဦးစားပေးအစီအစဉ်များကို ပိုမိုကျယ်ပြန့်စေခြင်း၊ ပြည်သူလူထုနှင့် ပါဝင်ဆွေးနွေးသော မူဝါဒချမှတ်ခြင်း၊ စုံလင်ကွဲပြားသော နိုင်ငံရေးဝါဒများနှင့် လူမှုအစုအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုက်တွန်းအားပေးခြင်းတို့ ဖြစ်စေသည်။

13 *Shwe Shwe Sein Latt, et al. Women's Political Participation in Myanmar: Experiences of Women Parliamentarians 2011-2016.*

14 *National Democratic Institute. Why Women in Politics?. 5.*

15 *National Democratic Institute. Why Women in Politics?*

၄။ ငြိမ်းချမ်းရေး သဘောတူညီချက် အရေးအတွက် ထက်ဝက်သည် လက်မှတ်ရေးထိုးပြီး ဆယ်နှစ်အတွင်း ပျက်ပြယ်လေ့ရှိကြသည်။ သို့သော် အမျိုးသမီးများနှင့် ဖယ်ကျဉ်ခံထားရသော အစုအဖွဲ့များ အပြည့်အဝ ပါဝင်မှုသည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို ပိုမိုထိရောက်မှု ရှိစေနိုင်သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ထောက်ခံအားပေးမှုကို ရရှိစေနိုင်သည်။ အကြပ်အတည်း၊ အခက်အခဲဖြစ်နိုင်မည့် အကြောင်းအရာများကို ဖြေရှင်းနိုင်ချေများ ပိုများစေနိုင်သည်။

၎င်းသုံးသပ်ချက်များသည် အမျိုးသမီးများ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် ပိုမိုပါဝင်လာခြင်းဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ၊ ပဋိပက္ခလွန် ပြန်လည်တည်ဆောက်ရေးနှင့် အုပ်ချုပ်ရေးများကို ပိုမို တည်တံ့ခိုင်မြဲနိုင်စေသည့် သက်သေအထောက်အထားများ ဖြစ်ပါသည်။

## (င) လူမှုတရားမျှတမှု

လူမှုတရားမျှတမှု social justice ဆိုသည့် ဝေါဟာရကို အကြောင်းအရာ၊ အခြေအနေအပေါ် မူတည်၍ သင့်လျော်သလိုသာ ကျယ်ပြန့်စွာ အသုံးပြုနေကြသော်လည်း မည်သူမှ ထိုဝေါဟာရ၏ အဓိပ္ပါယ်ကို ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်းမရှိပေ။ ထို့ကြောင့် လူမှုတရားမျှတမှုကို Oxford English Dictionary မှ ကြွယ်ဝမှုများ၊ အခွင့်အလမ်းများနှင့် အခွင့်ထူးများကို လူမှုအသိုင်းအဝိုင်းအတွင်း မျှတစွာ ခွဲဝေရယူခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

၎င်းစာတမ်းအတွက် လူမှုတရားမျှတမှုဟု ဆိုရာတွင် ကျားမ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ လိင်ပိုင်းဆိုင်ရာ စိတ်နေသဘောထား၊ လူမှုအဆင့်အတန်း၊ မသန်စွမ်းဖြစ်မှုတို့အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူမှုအသိုင်းအဝိုင်း၏ ကြွယ်ဝမှုများ၊ အခွင့်အလမ်းများနှင့် အခွင့်ထူးများကို မျှတစွာ လက်ခံရယူနိုင်ခြင်းကို ဆိုလိုသည်။

> ကျားမခွဲခြားဆက်ဆံမှုသည် လူမျိုးရေး သို့မဟုတ် ဘာသာရေးအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းတို့နှင့် အလားသဏ္ဍာန်တူသည်။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်း၏ အခြေခံအကြောင်းရင်းဖြစ်သော ယဉ်ကျေးမှုဆိုင်ရာ တရားမမျှတမှုများသည် မြန်မာ့သမိုင်း တလျှောက် ထိခိုက်နစ်နာခဲ့ရသော လူနည်းစု တိုင်းရင်းသားအုပ်စုများ ခံစားရသည့် တရားမမျှတမှုများနှင့် အလားတူပင် ဖြစ်သည်။[16]

ယဉ်ကျေးမှုတွင် အမြစ်တွယ်နေခြင်းမှာလည်း အတူတူဖြစ်သောကြောင့် ထိုကဲ့သို့သော ခွဲခြားဆက်ဆံခြင်းများ၊ တရားမျှတမှု မရှိခြင်းများကို ဖြေရှင်းရာတွင်လည်း အလားတူပင် အလေးအနက်ထား ဖြေရှင်းရန် လိုအပ်သည်။

ထိုကဲ့သို့သော ခွဲခြားဆက်ဆံခြင်းများကို အလေးထားဖြေရှင်းခြင်းမပြုပါက ဒီမိုကရေစီအရ တရားဝင်ဖြစ်မှုကို ဆက်လက်စိန်ခေါ်နေမည်သာဖြစ်သည်။ ထို့အပြင် အထက်တွင် ဖော်ပြခဲ့သည့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့နှင့် သာယာဝပြောခြင်းတို့ကို ပိုမိုနှောင့်နှေးစေမည်ဖြစ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးများကိုလည်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

လွှတ်တော်အမတ် အမျိုးသား (သို့) အမျိုးသမီးဖြစ်ခြင်းသည် ဦးစားပေး မူဝါဒများအပေါ် သိသာသော အကျိုးသက်ရောက်မှုများရှိသည့်အတွက် နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်ခြင်းဖြင့် အမျိုးသမီးများနှင့် အခြားဘေးဖယ်ခံရသော မဲဆန္ဒရှင်များ၏ စိုးရိမ်ပူပန်မှုများအတွက် ကိုယ်စားပြုပေးပြီး၊ မူဝါဒချမှတ်ခြင်းနှင့် အုပ်ချုပ်ရေးကဏ္ဍ၏ ပြန်လည်တုံ့ပြန်မှုကို ပိုမိုလျင်မြန်ထိရောက်စေကြောင်း သုတေသနက ညွှန်ပြနေသည်။[17]

---

16 *Burma, W. L. Looking Through Gender Lenses: Posititon Paper on Gender Equality. 2006, September. 1.*

17 *National Democratic Institute. Why Women in Politics?. 1.*

အမျိုးသမီးများ အစိုးရအဖွဲ့တွင် ပိုမိုပါဝင်လာခြင်းဖြင့် လူနေမှုအဆင့်အတန်းများ မြှင့်တင်ရေးကို အထူး ဂရုပြုသည့် မူဝါဒများ ပိုမိုများပြားလာပြီး၊ မိသားစုများ၊ အမျိုးသမီးများ၊ လူမျိုးစုငယ်များ၏ ဦးစားပေးချက်များကို ပိုမိုထင်ဟပ်နေကြောင်း သက်သေပြနေသည်။[18]

အထက်တွင် ဖော်ပြခဲ့သည့် သုတေသနများမှ ရရှိထားသည့် သုံးသပ်ချက်များသည် နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေခြင်းဖြင့် ခွဲခြားဆက်ဆံခြင်းများ၊ ဖိနှိပ်ခြင်းများ၊ ဖယ်ကျဉ်ခြင်းများနှင့် သမိုင်းစဉ်ဆက် ရင်ဆိုင်ခဲ့ရသည့် အုပ်စုများအတွက် လူမှုတရားမျှတမှုကို ပိုမိုထိရောက်စွာ မြှင့်တင်ဖော်ဆောင်ပေးနေသည့် သက်သေများပင်ဖြစ်ပါသည်။

## (စ) ပညာတတ် အမျိုးသမီးဦးရေများ ပိုမိုများပြားမှု

အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်လာစေရေးအတွက် စည်းရုံးလှုံ့ဆော်တိုင်း ကြုံတွေ့ရလေ့ရှိသည့် တုန့်ပြန်ချက် (သို့မဟုတ်) အမြင်သဘောထား အချို့မှာ "ပညာတတ် အမျိုးသမီးများ နည်းပါးသောကြောင့် ပါဝင်မှုနည်းပါးခြင်းဖြစ်သည်၊ အမျိုးသမီးများအရည်အချင်းရှိပါက နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် အလိုအလျောက်ပါဝင်လာကြမည်" စသည်တို့ဖြစ်သည်။ ပညာတတ်အမျိုးသမီးဦးရေ နည်းပါးနေ၍၊ အရည်အချင်းရှိသည့် အမျိုးသမီးများနည်းပါးနေ၍ နိုင်ငံရေးနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများတွင် ပါဝင်မှုနည်းပါးနေခြင်းဖြစ်သည်ဆိုသည့် ထင်မြင်ယူဆချက်သည် တိကျမှန်ကန်မှု၊ တာဝန်ခံမှုမရှိသည့်အပြင် ကျဉ်းမြောင်းသည့် ထင်မြင်ယူဆချက်ဖြစ်သည်။

ပညာတတ်အမျိုးသမီးဦးရေ နည်းပါးနေ၍၊ အရည်အချင်းရှိသည့် အမျိုးသမီးများ နည်းပါးနေ၍ နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်မှုနည်းပါးနေခြင်းဖြစ်သည်ဆိုသည့် ထင်မြင်ယူဆချက်သည် တိကျမှန်ကန်မှု၊ တာဝန်ခံမှု မရှိသည့်အပြင် ကျဉ်းမြောင်းသည့် ထင်မြင်ယူဆချက်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း UNESCO ၏ စစ်တမ်း အချက်အလက်အရ မြန်မာနိုင်ငံတွင် အမျိုးသမီးလူဦးရေ၏ ၃၄.၂ ရာခိုင်နှုန်းနှင့် အမျိုးသားလူဦးရေ၏ ၂၅.၇ ရာခိုင်နှုန်းတို့ အထက်တန်း ပညာရေးကို ပြီးမြောက်ကြသည်။ ဘွဲ့ကြိုသင်တန်းအဆင့် ပညာရှိသူဦးရေ စုစုပေါင်း၏ ၆၅.၂ ရာခိုင်နှုန်း၊ မဟာဘွဲ့အဆင့် စုစုပေါင်း၏ ၈၀.၅ ရာခိုင်နှုန်းနှင့် ပါရဂူဘွဲ့အဆင့် စုစုပေါင်း၏ ၈၀.၈ ရာခိုင်နှုန်းတို့သည် အမျိုးသမီးများ ဖြစ်ကြသည်။[19] စစ်တမ်း၏ ကိန်းဂဏန်းရလဒ်များကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီး ပညာတတ်လူဦးရေသည် အမျိုးသားများထက် ပိုမိုများပြားနေသည်ကို တွေ့ရမည်ဖြစ်သည်။

နှစ်ပေါင်း ၇၀ နီးပါး ပြည်တွင်းစစ်၏ အကျိုးဆက်နှင့် ရင်ဆိုင်လာရသည့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး အခြေအနေ အရပ်ရပ်တို့ကို ပြန်လည်ပြုပြင်၊ ပြောင်းလဲ၊ တည်ဆောက်ခြင်းများတွင် အမျိုးသမီးများ၏ ကျွမ်းကျင်မှုများ၊ အရည်အချင်းများနှင့် ပညာများ၊ အတွေ့အကြုံများကို များစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ လိုအပ်နေသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ပညာတတ် အမျိုးသမီးများ အများအပြား ရှိပါလျက်နှင့် နိုင်ငံရေးတွင် အမျိုးသမီးများ၏ ပါဝင်မှုနှုန်း အဘယ်ကြောင့် နည်းပါးနေရသည် ဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်လာပါသည်။

သမိုင်းစဉ်ဆက်တွင် ရိုးရာအစဉ်အလာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ အမျိုးသမီးများကို နိုင်ငံရေး၊ လူမှုရေးရာကိစ္စရပ်များ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများနှင့် ခေါင်းဆောင်နေရာများတွင် ဖယ်ကျဉ်ထားခဲ့သည့် အတွက် အမျိုးသမီးများ ပါဝင်မှုနှုန်း နည်းပါးနေရခြင်းဖြစ်သည်ဟု ယေဘုယျ သုံးသပ်နိုင်သည်။ အမျိုးသမီးများ၏ ပါဝင်မှုနှုန်း နည်းပါးနေရသည့် အကြောင်းအရင်းများ၊ အဟန့်အတားများကို နောက်လာမည့် အပိုင်းတွင် ဆက်လက် ဆွေးနွေးသွားမည်ဖြစ်သည်။

18 *Ibid*

19 *Shwe Shwe Sein Latt, et al. Women's Political Participation in Myanmar: Experiences of Women Parliamentarians 2011-2016.*

# အခန်း (၂)

## အမျိုးသမီးများ နိုင်ငံရေးကဏ္ဍအသီးသီးတွင် ပိုမိုပါဝင်လာစေရန် ဟန့်တားနေသည့် အခြေအနေများ

အထက်တွင် ဖော်ပြခဲ့သည့် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပိုမိုပါဝင်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးရလဒ်များစွာ ရှိနေသော်လည်း အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရန် ကန့်သတ်တားဆီးထားသော အကြောင်းအရာများ ရှိနေပါသည်။ ကန့်သတ်တားဆီးခြင်းများတွင် "အမျိုးသမီးများအား ဥပဒေဖြင့်၊ စနစ်ဖြင့်၊ အစဉ်အလာတို့ဖြင့် ရည်ရွယ်ချက်ရှိရှိနှင့် ကန့်သတ်ဟန့်တားထားမှုများ၊ ထိုဟန့်တားမှုများကို ဆက်လက်ကျင့်သုံးနေခြင်းများအပြင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် အားပေးမြှင့်တင်ရမည့် ကိစ္စရပ်များကို ဖော်ဆောင်ရန် တာဝန်ပျက်ကွက်ခြင်းများ" တို့ပါဝင်သည်။ ထိုအကန့်အသတ်များကို ဥပဒေဆိုင်ရာ၊ လူမှုအစဉ်အလာဆိုင်ရာနှင့် အင်စတီကျူးရှင်းဆိုင်ရာ အကန့်အသတ်များဟူ၍ အောက်တွင် ဆက်လက်ဆွေးနွေးတင်ပြထားပါသည်။

### ဥပဒေဆိုင်ရာ အကန့်အသတ်များ

ဥပဒေဆိုင်ရာ အကန့်အသတ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားသော တည်ဆဲဥပဒေများပါဝင်သည်။ လက်ရှိ ကျင့်သုံးနေသည့် ၂၀၀၈ ခုနှစ် မေလတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာပေါ်တွင် ပြင်ဆင်ရန်အခက်ဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ဖြစ်သည်။ စစ်အာဏာရှင်စနစ်ကို အကာအကွယ်ပေးထားသည့် အချက်များစွာ ပါဝင်နေသည်သာမက အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်လာနိုင်စေရန် ကန့်သတ်ထားသည့် အချက်များစွာလည်း ပါဝင်နေသည်။

အခန်း (၁) နိုင်ငံတော်၏ အခြေခံမူများ၏ အပိုဒ် (၆) တွင် "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရန် အစဉ်တစိုက် ဦးတည်သည်" ဆိုသည့် အချက်သည် အစဉ်အလာအရ အမျိုးသားများသာ ကြီးစိုးသည့် အင်အားစုတရပ်ဖြစ်သည့် တပ်မတော်သည် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ကန့်သတ်နေသည်။ တပ်မတော်မှ ဆက်လက်၍ အစဉ်တစိုက်ပါဝင်ရန် ဦးတည်နေခြင်းသည် အမျိုးသမီးများ၏ ဒီမိုကရေစီနည်းကျ ပါဝင်လာနိုင်စေခြင်းကို အခက်အခဲ၊ အဟန့်အတား ဖြစ်စေပါသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ လွှတ်တော်တွင် အလိုအလျောက်ပါဝင်နေသည့် ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်မှုသည် ဒီမိုကရေစီလမ်းစဉ်နှင့် ဆန့်ကျင်နေသည်။ တပ်မတော်သည် အမျိုးသားများသာ ကြီးစိုးနေသည့် အင်စတီကျူးရှင်းဖြစ်သောကြောင့် အမျိုးသမီးများကိုလည်း ပိတ်ပင်ဟန့်တားထား ရာရောက်ပါသည်။ ဤကဲ့သို့သော နေရာဦးစနစ်ဖြင့် သတ်မှတ်ထားခြင်းသည် အမျိုးသမီးများ၏ ကိုယ်စားပြုမှုကို အာမခံချက်ပေးသည့်၊ မြှင့်တင်ပေးသည့် ကျားမတန်းတူရေးဆိုင်ရာ gender quota အပေါ် အထင်လွဲမှားမှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ပုဒ်မ ၂၃၂၊ အပိုဒ် (ခ)၊ အပိုဒ်ခွဲ (၂) တွင် "ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏အမည်စာရင်းကို ရယူရမည်" ဟု ပြဋ္ဌာန်းထားခြင်းသည် အမျိုးသမီးများအား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လာနိုင်ရေးကို ဥပဒေအရ ကန့်သတ်ထားရာရောက်ပါသည်။

အခန်း (၈) ပုဒ်မ ၃၅၂ တွင်လည်း "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သောအရည်အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကိုအကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ”ဟု ဖော်ပြထားသော်လည်း ချွင်းချက်အနေဖြင့် “သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များကို အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မရှိစေရ”ဟူ၍ ပြဋ္ဌာန်းထားသည်။

> အမျိုးသားများသည် နေရာတိုင်းအတွက် သင့်လျော်သော်လည်း အမျိုးသမီးများသည် နေရာတိုင်းနှင့် မသင့်လျော်ဆိုသည့် အချက်သည် ကျားမအပေါ်အခြေခံသည့် ခွဲခြားဆက်ဆံခြင်းဖြစ်သည်။ ဥပဒေ သဘောတရားအရလည်း မည်သည့်ရာထူးတာဝန်များသည် အမျိုးသားများနှင့်သာ သင့်လျော်ပြီး အမျိုးသမီးများနှင့် မသင့်လျော်သည်တို့ကို အတိအကျ ဖော်ပြရန် လက်တွေ့မကျသည့်အပြင် ရှိရင်းစွဲ ကျားမကွဲပြားမှုအပေါ် ခွဲခြားဆက်ဆံခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေကပင် အတိအလင်း ခွင့်ပြုထားရာ ရောက်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် ပြည်ထောင်စု ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတို့သည် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာနိုင်စေရန် တိုက်ရိုက်အားဖြင့် ကန့်သတ်ထားခြင်းမရှိသော်လည်း အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် အားပေးခြင်း၊ မြှင့်တင် ဆောင်ရွက်ခြင်းများ ပြုလုပ်ရန် တာဝန်ပျက်ကွက်နေသည်ကို တွေ့ရပါသည်။

ထို့အပြင် စစ်ဝါဒနှင့် မဟာဖိုဝါဒတို့ ကြီးစိုးခဲ့သည့် နိုင်ငံမျိုးတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ကင်းမဲ့နေယုံမျှဖြင့် ကျားမတန်းတူရေးကို ဖော်ဆောင်နိုင်မည်မဟုတ်ပေ။ ကျားမတန်းတူရေးကို ဖော်ဆောင်နိုင်ရန် နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍများတွင် အမျိုးသမီး ကိုယ်စားလှယ်များ ပိုမိုပါဝင်လာစေနိုင်စေမည့် မူဝါဒများ၊ ဥပဒေများ ချမှတ်ပြဋ္ဌာန်း၍ ကျားမတန်းတူရေးများကို ဦးစားပေးအစီအစဉ်များ၊ အထူးစီမံဆောင်ရွက်ချက်များဖြင့် အားပေးမြှင့်တင်သွားရမည်ဖြစ်သည်။

## လူမှုအစဉ်အလာအရ အကန့်အသတ်များ

မြန်မာနိုင်ငံသည် ပဒေသရာဇ်စနစ်၊ ကိုလိုနီစနစ်၊ စစ်အာဏာရှင်စနစ်စသည့် ဖိုဝါဒကြီးစိုးသည့် စနစ်များကိုသာ ဖြတ်သန်းခဲ့သောကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအားလုံးတို့တွင် အမျိုးသားများသာ ဦးဆောင်နေသည့် လူမှုအစဉ်အလာကို အမြစ်တွယ်စေခဲ့ပါသည်။ အမျိုးသမီးများကို အိမ်မှုကိစ္စများ ဆောင်ရွက်ရန်နှင့် ၎င်းတို့၏ အခန်းကဏ္ဍကို မိခင်၊ သမီး သို့မဟုတ် ဇနီးမယား အဖြစ်သာလျှင် မှတ်ယူထားပြီး ခေါင်းဆောင်နေရာများနှင့် မသက်ဆိုင်သင့်ဟု တွေးခေါ်စဉ်းစားသော လူမှုအစဉ်အလာများကို လက်ခံကျင့်သုံးနေကြဆဲဖြစ်ပါသည်။[20]

အာရှဖောင်ဒေးရှင်းမှ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း စစ်တမ်းကောက်ခဲ့သော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများတွင် အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်လာမှုအတွက် အဓိက အတားအဆီးများမှာ ပြည်သူလူထုတို့သည် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာခြင်းကို အလေးမထားခြင်းနှင့် အထူးသဖြင့် အမျိုးသမီးမဲဆန္ဒရှင်များ၏ ထောက်ခံအားပေးမှုများ မရရှိခြင်းဖြစ်သည်ဟု စစ်တမ်းဖြေဆိုသူ ၈၂ ရာခိုင်နှုန်းမှ ဖြေဆိုခဲ့သည်။ အခြားအဟန့်အတားတရပ်မှာ မိမိကိုယ်ကို ယုံကြည်မှုမရှိခြင်းဖြစ်သည်ဟု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်းမှ ဖြေဆိုခဲ့သည်ကို တွေ့ရသည်။[21]

ထိုဖြေဆိုချက်များကို ကြည့်ခြင်းအားဖြင့် နိုင်ငံရေးနှင့် ခေါင်းဆောင်မှုကဏ္ဍများသည် အမျိုးသမီးများနှင့် မသင့်လျော်ကြောင်း၊ အမျိုးသမီးများအတွက် နေရာမဟုတ်ကြောင်း လူမှုအသိုင်းအဝိုင်းက ယုံကြည်နေ

20 *(Burma, 2006)*

21 *Shwe Shwe Sein Latt, et al. Women's Political Participation in Myanmar: Experiences of Women Parliamentarians 2011-2016. The Asis Foundation. 2017. Yangon.*

သည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်သည်။ ထို့အပြင် အမျိုးသမီးများကိုယ်တိုင်လဲ နိုင်ငံရေးနှင့် ခေါင်းဆောင်မှုတို့သည် မိမိတို့နေရာမဟုတ်ဟု မှတ်ယူနေကြသည့်အတွက် ထိုနေရာများသို့ ရောက်ရှိ လာနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မိမိကိုယ်ကို ယုံကြည်မှုနည်းနေကြခြင်း ဖြစ်သည်။

နိုင်ငံတကာ လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့် ဓလေ့ထုံးတမ်းများကို ဆက်လက်ကျင့်သုံးနေခြင်းသည်လည်း ကျားမတန်းတူရေးကို ဟန့်တားနောက်ယှက် နေခြင်းဖြစ်သည်။

ဒုတိယ အကြိမ်မြောက် ၂၁ ရာစုပင်လုံညီလာခံတွင်လည်း ဖက်ဒရယ်စနစ်ကို အခြေခံမည့်မူများ ခေါင်းစဉ်အောက်ရှိ အပိုဒ် (၆) တွင် တိုင်းရင်းသားလူမျိုးတိုင်းသည် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းကာကွယ်မြှင့်တင်ကာကွယ်မှု ရှိရမည်ဟူသော အချက်ပါရှိပါသည်။ သို့သော် မြန်မာနိုင်ငံတွင် ကျားမခွဲခြားဆက်ဆံမှုရှိသည့် အမျိုးသမီးများကို ဖယ်ကျဉ်ထားသည့်၊ အမျိုးသားများကို ဦးစားပေးထားသည့် ရိုးရာယဉ်ကျေးများလည်း ရှိနေသေးသည်ကိုတွေ့ရသည်။ ထိုသို့သော ရိုးရာယဉ်ကျေးမှုများသည် နိုင်ငံတကာ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့် ဓလေ့ထုံးတမ်းများကို ဆက်လက်ကျင့်သုံးနေခြင်းသည်လည်း ကျားမတတန်းတူရေးကို ဟန့်တားနောက်ယှက်နေခြင်းဖြစ်သည်။

## အင်စတီကျူးရှင်းဆိုင်ရာ အကန့်အသတ်များ

လူမှုအစဉ်အလာအရ အမျိုးသမီးများကို ခေါင်းဆောင်မှုနယ်ပယ်တွင် ဖယ်ကျဉ်ထားသော ရိုးရာဓလေ့သည် အင်စတီကျူးရှင်းများ အတွင်းတွင်လည်း ကိန်းအောင်းနေသည်။ အမျိုးသမီးအဖွဲ့ဝင်များကို အဖွဲ့အစည်း၏ အထွေထွေကိစ္စရပ်များတွင်သာ ပါဝင်လုပ်ကိုင်ရန်ခွင့်ပေးထားကြပြီး ဆုံးဖြတ်ချက်ချသည့် နေရာများတွင် ပါဝင်ခွင့်ရှိသည့် အခြေအနေများကိုမူ ဖန်တီးပေးထားခြင်း မရှိပေ။

ပထမဦးစွာ ဒီမိုကရေစီစနစ်၏ မဏ္ဍိုင်တရပ်ဖြစ်သော နိုင်ငံရေးပါတီများအတွင်း အမျိုးသမီးများ၏ ပါဝင်မှု အခြေအနေများကို သုံးသပ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီ ၉၀ ကျော်ရှိတို့၏ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်များတွင် ၉၀ ရာခိုင်နှုန်းမှာ အမျိုးသားများ ဖြစ်ကြသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော နိုင်ငံရေးပါတီ စုစုပေါင်း ၁၈ ပါတီအနက် ၇ ပါတီတွင်သာ အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်များရှိကြသည်။ အခြား ၁၁ ပါတီမှာ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများတွင်ပင် အမျိုးသမီးများ ပါဝင်ခြင်းမရှိခဲ့ပေ။[22] အုပ်ချုပ်ရေးကဏ္ဍတွင်လည်း အစိုးရအဖွဲ့မှ အမျိုးသမီး ပြည်ထောင်စုဝန်ကြီး ၂ ဦးနှင့် အမျိုးသမီး ပြည်နယ်ဝန်ကြီးချုပ် ၂ ဦးတို့ကိုသာ ခန့်အပ်ထားသည်။

> နိုင်ငံရေးပါတီများ၏ အဖွဲ့ဝင်များတွင် အမျိုးသမီးများစွာ ပါဝင်နေကြသော်လည်း ခေါင်းဆောင်မှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်လာမှုမရှိခြင်း၊ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်မခံရခြင်းနှင့် ကိုယ်စားလှယ်လောင်းဖြစ်လာသော်လည်း မဲဆန္ဒရှင်များ၏ နိုင်ငံရေးနှင့် ခေါင်းဆောင်မှုတွင် အမျိုးသမီးများ ပါဝင်ရန် မသင့်လျော်ဆိုသည့် ရှေးရိုးစွဲအမြင်များသည် လွှတ်တော်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေခြင်းကို ဟန့်တားနေသည်။

တပ်မတော်အနေဖြင့်လည်း အစဉ်အလာအရ အဆင်မြင့်ရာထူးများတွင် အမျိုးသမီးများအား ခန့်အပ်သည့် အလေ့အထမရှိပါ။ လက်ရှိတွင် တပ်မတော်သား အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ၄ ဦးကို ခန့်အပ်ထားသော်လည်း၊ တပ်မတော်အတွင်း တာဝန်ထမ်းဆောင်ရာတွင်မူ ဗိုလ်မှူးကြီးရာထူးအထက်တွင်

22 *Gender Composition of Representatives from Winning Ethnic Parties in All Three Parliaments. Myanmar Political Information: linking analytical resources. 2015.*

အမျိုးသမီးများကို ခန့်အပ်ထားခြင်းမရှိသေးသည်ကို တွေ့ရှိရပါသည်။[23] တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း ရွေးကောက်ခံထားရသည့်သူများနှင့် ဝင်ရောက်ယှဉ်ပြိုင်ထိုင်နေခြင်းသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒီမိုကရေစီစံနှုန်းကို ဆန့်ကျင်နေသည့်အပြင် အမျိုးသမီးများ နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် ပိုမိုပါဝင်လာရေးကို တပ်မတော်အင်စတီကျူးရှင်းမှလည်း ဟန့်တားနေသည်။[24]

ထို့အပြင် ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီး နောက်ပိုင်းမှစ၍ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း စစ်ဝါဒလွှမ်းမိုးမှု ပိုမိုတိုးပွားလာခဲ့ကာ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စစ်လက်နက်သဖွယ် အသုံးပြုနေမှုများစွာ ဖြစ်ပွားခဲ့သည်။[25] ထိုကဲ့သို့ စစ်ဝါဒ လွှမ်းမိုးနေပြီး ကျားမခွဲခြားဆက်ဆံမှုများ၊ ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့မှုများအတွက် တရားမျှတရေးကို ဖော်ဆောင်ပေးရန် နှောင့်နှေးပျက်ကွက်နေခြင်းတို့သည်လည်း အမျိုးသမီးများ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းများတွင် ပိုမိုပါဝင်မှုလာနိုင်စေရန် အကန့်အသတ်ဖြစ်စေသည်။[26]

တဖန် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းပေါင်း ၂၀ ကျော်ရှိသည့်အနက် အဖွဲ့အနည်းငယ်တို့၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီများတွင် အမျိုးသမီးများ ပါဝင်သည်ကို တွေ့ရသည်။ အမျိုးသမီးများကို နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးများတွင် ပြောင်းလဲမှုများကို ဖော်ဆောင်ပေးမည့် သူများ agents of change အစား၊ ဖယ်ကျဉ်ခံထားရသူများ၊ ပဋိပက္ခ၏ သားကောင်များ ကဲ့သို့သာ ရှုမြင်လေ့ရှိကြသည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအများစုသည် ဆုံးဖြတ်ချက်ချမှတ် သည့် အဆင့်တိုင်းတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရမည် ဆိုသည့် ကျားမတန်းတူရေးဆိုင်ရာ ကိုတာစနစ်ကို လက်ခံ သဘောတူထားကြသော်လည်း ထိုမူဝါဒကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကိုမူ ထင်ထင်ရှားရှား တွေ့မြင်နိုင်ခြင်းမရှိသေးခြင်းသည်လည်း အမျိုးသမီးများ ပိုမိုပါဝင်လာရေးကို ဟန့်တားနေသည်။

စစ်ဝါဒလွှမ်းမိုးနေပြီး ကျားမခွဲခြားဆက်ဆံမှုများ၊
ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊
စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့မှုများအတွက်
တရားမျှတရေးကို ဖော်ဆောင်ပေးရန် နှောင့်နှေး
ပျက်ကွက်နေခြင်းတို့သည်လည်း အမျိုးသမီးများ
နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းများတွင်
ပိုမိုပါဝင်မှုလာနိုင်စေရန် အကန့်အသတ်ဖြစ်စေသည်။

23 *Asian Development Bank, United Nations Development Programme, United Nations Population Fund, and the United Nations Entity for Gender Equality and the Empowerment of Women Gender equality and women's rights in Myanmar: A situation analysis. Mandaluyong City, Philippines: Asian Development Bank, 2016.*

24 *Ibid*

25 *(Burma W. L., 2006)*

26 *Ibid*

# အခန်း (၃)

## အမျိုးသမီးများ၏ ပါဝင်မှုနှုန်းများ မြှင့်တင်ခြင်းနှင့် ကျားမတန်းတူရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ဗျူဟာများ




နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရန် နည်းမျိုးစုံဖြင့် ကန့်သတ်ဟန့်တားထားမှုများ အလိုအလျောက် ပျောက်ကွယ်သွားမည်မဟုတ်ပေ။ ရည်မှန်းချက်များ၊ မူဝါဒများကို စနစ်တကျချမှတ် အကောင်အထည်ဖော်မှသာ မိမိတို့ မျှော်လင့်နေသည့် တရားမျှတမှုနှင့် တန်းတူမှုအသွင်ဆောင်သည့်၊ ကျားမတန်းတူမှုရှိသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျားမတန်းတူရေးကို အထောက်အကူဖြစ်စေသည့် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရန် ကာလတို၊ ကာလရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်၊ အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်နှင့် ကျားမတန်းတူရေးဆိုင်ရာ ကိုတာစနစ်များသည် နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် အထောက်အကူပြုစေသည်။ ထို့မှတဆင့် ကျားမတန်းတူရေးကို ဖော်ဆောင်ပေးသည့် ဘဏ္ဍာငွေများ သတ်မှတ်ပေးခြင်းများ၊ ကျားမတန်းတူရေးကိစ္စများကို ထည့်သွင်းစဉ်းစားသည့် မူဝါဒများချမှတ်ခြင်းများမှ ကျားမတန်းတူရေးဆိုင်ရာ အရေးကိစ္စများကို အစဉ်တစိုက် အလေးထားသည့် အလေ့အထများ ပေါ်ပေါက်လာမည်ဖြစ်သည်။

ဤသို့ဖြင့် လူမှုအသိုင်းအဝိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုတို့ကို အထောက်အကူဖြစ်စေမည့် မိမိတို့ လိုလားတောင့်တလာခဲ့သည့် ကျားမတန်းတူရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထိုဖြစ်စဉ် အဆင့်ဆင့်ကို အောက်ဖော်ပြပါ ကားချပ်တွင် အနှစ်ချုပ်ဖော်ပြထားပါသည်။ ထို့နောက် အဆိုပါဗျူဟာများကိုလည်း အသေးစိတ် ဆက်လက်ဆွေးနွေး တင်ပြထားပါသည်။

## ဖက်ဒရယ် ပြည်ထောင်စုစနစ်နှင့် ကျားမတန်းတူရေး

မြန်မာနိုင်ငံ၏ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့အတွက် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ခြင်းသည် အဓိကအရေးအကြီးဆုံးဖြစ်သည်။ ဖက်ဒရယ်စနစ်သည် နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ ပိုမိုဝင်လာစေရေးခြင်းဖြင့် ကျားမတန်းတူရေး ဖော်ဆောင်ရာတွင် အထောက်အကူပြုနေသည့် သုတေသနတွေ့ရှိချက်များကို အနှစ်ချုပ် ဖော်ပြထားသည်။[27] [28] [29]

ဖက်ဒရယ်ပြည်ထောင်စုစနစ်၏အဓိကကျသည့်သွင်ပြင်လက္ခဏာတရပ်ဖြစ်သောအာဏာခွဲဝေခြင်းသည် လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စု အစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရဟူ၍ အဆင့်ဆင့် ခွဲဝေထားသည့်အတွက် နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေနိုင်မည့် လမ်းကြောင်းများ၊ အခွင့်အလမ်းများ ပိုမိုများပြားသည်။ ထို့အပြင် အချို့သော အကဲဆတ်သည့် မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များကို တနိုင်ငံလုံး အတိုင်းအတာဖြင့် မူဝါဒချမှတ် အကောင်အထည်ဖော်ရန် ခက်ခဲသည့် အခြေအနေမျိုးတွင် ပြည်နယ်အဆင့် သို့မဟုတ် ဒေသန္တရအဆင့်များတွင် စတင်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်သည်။

> ဖက်ဒရယ်စနစ်သည် အမျိုးသမီးများ၏ ကိုယ်စားပြု ပါဝင်လာနိုင်မှုကို မြင့်တင်ပေးခြင်းမှတဆင့် ကျားမတန်းတူရေးကို ဖော်ဆောင်ပေးနိုင်သည်ဟု ယူဆနိုင်သော်လည်း လက်တွေ့တွင် ဖက်ဒရယ် ပြည်ထောင်စုစနစ် တခုတည်း သီးခြားကျင့်သုံးရုံမျှဖြင့် ကျားမတန်းတူရေးကို ထိရောက်စွာ မြှင့်တင်ဖော်ဆောင်နိုင်မည် မဟုတ်ပေ။

ပြည်နယ်များအနေဖြင့် မိမိတို့ပြည်နယ်တွင်း အရေးကိစ္စများကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိကြသောကြောင့် ပြည်နယ်တပြည်နယ်မှ ချမှတ်ထားသော အမျိုးသမီးများအတွက် အကျိုးပြုသည့်၊ ကျားမတန်းတူရေးကို မြှင့်တင်ဖော်ဆောင်ပေးသည့် စီမံကိန်းများ၏ နမူနာကောင်းများကို အခြားပြည်နယ်များမှ အတုယူခြင်းများ လွယ်ကူစွာပြုလုပ်နိုင်မည်ဖြစ်သည်။ ဖက်ဒရယ်စနစ်အောက်တွင် အစိုးရ၏ ဝန်ဆောင်မှုလုပ်ငန်းများကို ဒေသန္တရအဆင့် အစိုးရများက အကောင်အထည်ဖော်ဆောင်ရွက်ရသောကြောင့် လူမှုအသိုင်းအဝိုင်းများနှင့် ပိုနီးစပ်ကာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အကျိုးခံစားခွင့်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ကျားမတန်းတူရေးအတွက် ဖက်ဒရယ်စနစ်၏ အားသာချက်များစွာ ရှိသော်လည်း အားနည်းချက်များ အချို့ကိုလည်း ဆက်လက်ဆွေးနွေးလိုပါသည်။ ဖက်ဒရယ်စနစ်ရှိ အစိုးရအဆင့်ဆင့်တို့သည် မိမိတို့၏ ကိုယ်ပိုင်နယ်နိမိတ်အတွင်းရှိ အရေးကိစ္စများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့်အတွက် အမျိုးသမီးများနှင့် ပတ်သက်သည့် မူဝါဒများကို တနိုင်ငံလုံးတွင် တပြေးညီ ချမှတ်အကောင်အထည်ဖော်ဆောင်ရန် ခက်ခဲပေမည်။ ထို့နည်းတူ အမျိုးသမီးရေးလှုပ်ရှားမှုများအတွက်လည်း အစိုးရတရပ်တည်းကိုသာ စည်းရုံးလှုံ့ဆော်ရမည့်အစား နယ်မြေဒေသအသီးသီးရှိ အစိုးရအဆင့်ဆင့်တို့ကို သွားရောက် စည်းရုံးရမည်ဖြစ်သည့်အတွက် အမျိုးသမီးရေး လှုပ်ရှားမှုများကို အားနည်းစေနိုင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ သုတေသနတွေ့ရှိချက်များအားလုံးကို ခြုံငုံသုံးသပ်ကြည့်သည့်အခါ ဖက်ဒရယ်စနစ်သည် အမျိုးသမီးများ၏ ကိုယ်စားပြု ပါဝင်လာနိုင်မှုကို မြင့်တင်ပေးခြင်းမှတဆင့် ကျားမတန်းတူရေးကို ဖော်ဆောင်ပေးနိုင်သည်ဟု ယူဆနိုင်သော်လည်း လက်တွေ့တွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်တခုတည်း သီးခြားကျင့်သုံးရုံမျှဖြင့် ကျားမတန်းတူရေးကို ထိရောက်စွာ မြှင့်တင်ဖော်ဆောင်နိုင်မည်မဟုတ်ပေ။ ကျားမတန်းတူရေးကို မြင့်တင်ဖော်ဆောင်ပေးသည့် အခြားသော မူဝါဒများ၊ စနစ်များကို ပူးတွဲကျင့်သုံးမှသာ ကျားမတန်းတူရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထိုမူဝါဒများ၊ စနစ်များကို အောက်တွင် ဆက်လက်ဆွေးနွေးတင်ပြထားပါသည်။ ထို့အပြင် ထိုမူဝါဒများသည် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ပြီးသည့်အချိန်အထိ စောင့်ဆိုင်းရန် မလိုအပ်ဘဲ နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေးနှင့် ကျားမတန်းတူရေးတို့ကို ယခုလက်ရှိအခြေအနေတွင်လည်း စတင်ကျင့်သုံးနိုင်သည်ကိုတွေ့ရပါမည်။

---

*27 Advanceing Gender Equality Within a Federal Governance Model in Myanmar. UN Women. 2017. Document. 32-33.*

*28 Comfort, Christine M. The Effects of Federalism on Women's Political Representation: A Case Study of German Federalism. 2013.*

*29 Lang, Sabine & Sauer, Birgit. Does Federalism Impact Gender Architectures? The Case of Women's Policy Agencies in Genmany and Austira.*

## ကျားမတန်းတူရေးကို ဖော်ဆောင်ရန် ရည်ရွယ်သည့် ကိုတာစနစ်

ကျားမကွဲပြားမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုများကြောင့် နစ်နာဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများအတွက် ကိုတာစနစ်ကဲ့သို့သော အထူးစီမံဆောင်ရွက်ချက်များ ချမှတ်ပြဋ္ဌာန်း အကောင်အထည်ဖော်ခြင်းဖြင့် ပြန်လည်ကုစားပေးခြင်းများပြုလုပ်နိုင်ပါသည်။ ကျားမတန်းတူရေးကို ဖော်ဆောင်ပေးသည့် နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရန် အထိရောက်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည့်စနစ်မှာ ကိုတာစနစ်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ ထက်ဝက်ကျော်သည် ကိုတာစနစ်အမျိုးမျိုးတို့ကို ကျင့်သုံးနေကြသည်။[30]

မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ ၁၉၉၀ ရွေးကောက်ပွဲမှ ရွေးကောက်တင်မြောက်ခံခဲ့ရသည့် လွှတ်တော်ကိုယ်စားလှယ်များ အချို့တို့ အပါအဝင် မြန်မာနိုင်ငံနယ်စပ် လွတ်မြောက်နယ်မြေတွင် တိုင်ရင်းသားနိုင်ငံရေးခေါင်ဆောင်များ အားလုံး စုပေါင်းချမှတ်ခဲ့သည့် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများအနက် တစ်ခုဖြစ်သော "ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကျားမတန်းတူရေး" ဆိုသည့်အခြေခံမူသည် ကျားမတန်းတူရေးကို ဖော်ဆောင်ရန် ရည်ရွယ်သည့် မူဝါဒဖြစ်သည်။ ထို့အပြင် နိုင်ငံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှု အဆင့်ဆင့်တွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရမည်ဆိုသည်ကိုလည်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြခြင်းသည် ကျားမတန်းတူရေးကို အထောက်အကူ ဖြစ်စေသည့် ကိုတာစနစ်ကို ကျင့်သုံးသွားရန် ဆုံးဖြတ်ကြခြင်းဖြစ်သည်။

"ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုကဏ္ဍ အသီးသီးတွင်လည်းကောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများ၏ အဆင့်တိုင်းတွင်လည်းကောင်း၊ အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း၊ အမျိုးသား အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်စေရမည်" ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခြင်းသည် နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေမည့် အထိရောက်ဆုံး မဟာဗျူဟာ တစ်ရပ်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူမှုအသိုင်းအဝိုင်းတစ်ခု၏ နိုင်ငံရေးနှင့် ဥပဒေရေးရာစနစ်များ တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ထိုလူမှုအသိုင်းအဝိုင်း၏ အဓိကတန်ဖိုးများနှင့် ယုံကြည်မျှော်လင့်ချက်များလည်း ထင်ဟပ်နေသည်။ ထို့ကြောင့် "ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ အုပ်ချုပ်မှုကဏ္ဍ အသီးသီးတွင်လည်းကောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများ၏ အဆင့်တိုင်းတွင်လည်းကောင်း၊ အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း၊ အမျိုးသား အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်စေရမည်" ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခြင်းသည် နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေမည့် အထိရောက်ဆုံး မဟာဗျူဟာ တစ်ရပ်ဖြစ်ပါသည်။[31]

ထိုကဲ့သို့သော အဆိုပြုချက်သည် အမျိုးသမီးများအနေဖြင့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိဘဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍ အဆင့်ဆင့်တို့တွင် ကိုယ်စားပြုပါဝင်လာမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဥပမာ ဥပဒေပြုလွှတ်တော်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အနည်းဆုံး ၃၀ ရာခိုင်နှုန်းပါဝင်လာစေရန် တာဝန်အရှိဆုံးမှာ နိုင်ငံရေးပါတီများဖြစ်သည်။

အချို့နိုင်ငံများတွင် နိုင်ငံရေးပါတီများက ဒီမိုကရေစီကို ပိုမိုအားကောင်းလာစေရန်၊ လူထုအလွှာအသီးသီး၏ ကိုယ်စားပြုမှုများ ပိုမိုပြည့်စုံစေရန် ရည်ရွယ်၍ ကိုတာစနစ်ကို မိမိတို့ သဘောဆန္ဒအလျောက် ကျင့်သုံးကြပါသည်။ သို့မဟုတ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ရန်လျှောက်ထားရာတွင် ပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်ဆင့်တိုင်းတို့တွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်းဖြင့် ပါဝင်ဖွဲ့စည်းထားမှသာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုမည်ဟု နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

---

*30 http://www.quotaproject.org/aboutQuotas.cfm*

*31 Burma, W. L. (2006)*

ထို့မှတဆင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများတွင် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် သတ်မှတ်ထားသည့် အရည်အချင်းသတ်မှတ်ချက်များတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်း အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်မှသာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိမည်ဆိုသည့် ဥပဒေများ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။ နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာခြင်းသည် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် လမ်းစကောင်းဖြစ်သည်။

နိုင်ငံရေးပါတီများသည် အဖွဲ့ဝင်သစ်များ စည်းရုံးခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခြင်းတို့ကို လုပ်ဆောင်ကြသည့်အတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အမျိုးသမီးများ ပိုမိုများပြားလာစေရန် နိုင်ငံရေးပါတီများတွင် များစွာတာဝန်ရှိပါသည်။ ထို့ကြောင့် နိုင်ငံရေးပါတီများအနေဖြင့် ပါတီဝင်များ တိုးမြှင့်ရေးအတွက်သာမကဘဲ ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် အမျိုးသမီး ပါတီဝင်များကို တိုးမြှင့်စည်းရုံးသင့်ပေသည်။[32]

## ရွေးကောက်ပွဲစနစ်

ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုစနစ်၊ ကိုတာစနစ်တို့နှင့်အတူ အချိုးကျကိုယ်စားပြုသည့် ရွေးကောက်ပွဲစနစ် (Proportional Representation) နှင့် အပိတ်မဲပြားစနစ်တို့ကို ပူးတွဲကျင့်သုံးခြင်းဖြင့် နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုများ မြင့်မားလာစေရန် ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အမျိုးသမီးများသည် အချိုးကျကိုယ်စားပြုစနစ်တွင် တမဲသာ အနိုင်ရစနစ်ထက် ရွေးကောက်တင်မြှောက်ခြင်း ခံရနိုင်သည့်အလားအလာ နှစ်ဆ ပိုများစေနိုင်သည်။

အမျိုးသမီးများသည် အချိုးကျကိုယ်စားပြုစနစ်တွင် တမဲသာ အနိုင်ရစနစ်ထက် ရွေးကောက်တင်မြှောက်ခြင်း ခံရနိုင်သည့်အလားအလာ နှစ်ဆ ပိုများစေနိုင်သည်။

လွှတ်တော် နှစ်ရပ် ထားရှိပြီး ထိုလွှတ်တော်များတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရမည် ဆိုသည့် ကိုတာစနစ် ပြဋ္ဌာန်းသတ်မှတ်ထားသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံအနက် နိုင်ငံ ၈ နိုင်ငံသည် အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးပြီး အခြားနိုင်ငံများသည် တမဲသာ အနိုင်ရစနစ် အပါအဝင် အခြားရွေးကောက်ပွဲစနစ်များကို ကျင့်သုံးကြသည်။ အချိုးကျ ကိုယ်စားပြုစနစ် ကျင့်သုံးသည့် နိုင်ငံများ၏ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ၃၃ ရာခိုင်နှုန်း နှင့် ၃၄ ရာခိုင်နှုန်း ပါဝင်ကြပြီး အခြားနိုင်ငံများတွင်မူ ၂၃ ရာခိုင်နှုန်းနှင့် ၂၁ ရာခိုင်းနှုန်းသာ ပါဝင်သည်ကို တွေ့ရသည်။[33]

ထို့အပြင် အမျိုးသမီး လွှတ်တော်ကိုယ်စားလောင်းများအပေါ် ခွဲခြားဆက်ဆံခြင်းများကို ကြိုတင်ကာကွယ်ရန် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ခြင်း မပြုဘဲ နိုင်ငံရေးပါတီများကိုသာ ရွေးချယ်ထောက်ခံမဲပေးရသည့် စနစ်ကို ကျင့်သုံးနိုင်သည်။ ဤစနစ်တွင် နိုင်ငံရေးပါတီများမှ ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကို ပြုစုထားရမည်။ ပါတီမဲ ရရှိသည့် မဲအရေအတွက် အချိုးအစားအပေါ် မူတည်၍ ပါတီစာရင်းတွင် ပါရှိသည့် အမည်များမှ အစဉ်အလိုက် လွှတ်တော်အမတ် ဖြစ်လာသည်။ ထိုကဲ့သို့သော စနစ်ကို ကျင့်သုံးရာတွင် အပိတ်မဲပြားစနစ်ကို ပူးတွဲကျင့်သုံးခြင်းဖြင့်လည်း အမျိုးသမီးများ၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို မြှင့်တင်နိုင်သည်။

အပိတ်မဲပြားစနစ်ဆိုသည်မှာ နိုင်ငံရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စာရင်းကို ဖော်ပြထားခြင်းမရှိဘဲ မဲဆန္ဒရှင်များမှ မိမိတို့ နှစ်သက်သည့် နိုင်ငံရေးပါတီကိုသာ ရွေးချယ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ပီရူးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့တွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရမည် ဆိုသည့် သတ်မှတ်ချက်နှင့် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးခြင်းတို့ကို နှစ်နိုင်ငံလုံး ကျင့်သုံးသည်။

32 *Gender Composition of Representatives from Winning Ethnic Parties in All Three Parliaments. Myanmar Political Information: linking analytical resources. 2015.*

33 *http://www.quotaproject.org/searchDb.cfm. Data Analysis on file.*


သို့သော် ပီရူးနိုင်ငံတွင် အဖွင့်မဲပြားစနစ်ကို ကျင့်သုံးသည့်အတွက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် မှာ ၂၆ ရာခိုင်နှုန်းသာရှိပြီး အပိတ်မဲပြားစနစ် ကျင့်သုံးသော အာဂျင်တီးနားနိုင်ငံတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ၃၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။[34]

## အခြားသော အစိုးရ ယန္တယားများ သတ်မှတ်ထားရှိခြင်း

အထက်တွင် ဖော်ပြခဲ့သော ဗျူဟာများကို ကျင့်သုံးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက် ရေးဆွဲခြင်း (သို့မဟုတ်) အသစ်ရေးဆွဲပြဌာန်းခြင်းနှင့် ပြဌာန်းထားသည့် လက်ရှိ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်းများပြုလုပ်ရန် လိုအပ်ပါသည်။ သို့သော် အောက်တွင် ဆက်လက်ဆွေးနွေးတင်ပြသွားမည့် ဗျူဟာများသည် ယခု တည်ဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဌာန်းဥပဒေများနှင့် လက်ရှိ နိုင်ငံရေး အခင်း အကျင်းများတွင်ပင် စတင်ကျင့်သုံးနိုင်သည့် ဗျူဟာများဖြစ်သည်။

ထို့ကြောင့် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကျားမ တန်းတူရေးကို အထောက်အကူပြု မြှင့်တင်ပေးနေသည့် ဤဗျူဟာများကို လက်ရှိလွှတ်တော်အခင်းအ ကျင်းများတွင် သော်လည်းကောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်၏ဆွေးနွေးညှိနှိုင်းပွဲများ၊ စွမ်းရည်မြှင့်တင်ခြင်းများ၊ တိုင်ပင်ညှိနှိုင်းခြင်းများ အဆင့်ဆင့်တို့တွင် အခက်မခဲမရှိ စတင်ကျင့်သုံးနိုင်ပါသည်။

နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ ပိုမို ပါဝင်လာစေရန် အထောက်အကူပြုသည့် ကိုတာစနစ်နှင့် ရွေးကောက်ပွဲစနစ်များအပြင် ဘဏ္ဍာရေးမူဝါဒချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်း (Gender Budgeting) နှင့် အစိုးရ၏ ပြည်သူ့ရေးရာ မူဝါဒများ ချမှတ်ရာ တွင် ကျားမရေးရာများ ကို ထည့်သွင်းစဉ်းစားခြင်း (Gender-Sentivity Policy) တို့ကို ကျင့်သုံးခြင်းသည် ဆုံးဖြတ်ချက် ချမှတ်သည့် အဆင့်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာ စေမည်ဖြစ်သည်။ ထို့မှတဆင့် ကျားမရေးရာများကို အစဉ် တစိုက် အလေးထားသည့် အလေ့အထများ (Gender Mainstreaming) တည်ဆောက်ခြင်းဖြင့် ကျားမ တန်းတူရေး ကို ဖော်ဆောင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။




34 *The majority of the statistics in this section were taken from the International IDEA website: http://www.quotaproject.org.*

## ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်း (GENDER BUDGETING)

ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်း gender budgeting သည် အစိုးရမှ ကျားမတန်းတူရေးကို မြှင့်တင်ရန် ဘဏ္ဍာရေးမူဝါဒများမှတဆင့် ကြိုးပမ်းသည့် နည်းလမ်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ နှစ်ပတ်လည်အသုံးစာရိတ်အတွင်းရှိ အဆင့်အားလုံးတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားစေနိုင်ရန် ပုံဖော်ထားသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ကျားမတန်းတူရေးများ ကွာဟနေခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် အမျိုးသမီးများ၏ ရေရှည်ဖွံ့ဖြိုးရေး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်သည်။[35] ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် အောက်ပါ ကောင်းကျိုးရလဒ်များကို ဖော်ဆောင်ရန်လည်း ရည်ရွယ်သည်။[36]

၁။ ရေရှည်သာယာဝပြောပြီး၊ ကျားမ တန်းတူမှုရှိသော လူ့အဖွဲ့အစည်းဖြစ်လာစေရန်၊
၂။ နိုင်ငံတကာ သဘောတူညီများကို အကောင်အထည်ဖော်ခြင်းနှင့် ချမှတ်ထားသော ကျားမတန်းတူရေး မူဝါဒများကို အမှန်တကယ်အကောင်အထည် ပေါ်လာစေရန်၊
၃။ လက်တလော အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် ရေရှည်တွင် အမျိုးသမီးများအခွင့်အရေးများ တိုးတက်ကောင်းမွန်မှုရှိလာစေရန်နှင့်
၄။ နိုင်ငံရေးတွင်ပိုမိုပါဝင်လာခြင်းအားဖြင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် နိုင်ငံရေး ကိစ္စများတွင် အစဉ်တစိုက်ပါဝင်နိုင်စေရန်။

> လက်ရှိမြန်မာနိုင်ငံ၏ ဝန်ကြီးဌာန ၂၂ ဌာနအသီးသီးတို့၏ ဘဏ္ဍာငွေများသုံးစွဲသည့် အဆင့်ဆင့်တွင် ကျားမနှစ်မျိုးတို့အကြား ဘဏ္ဍာငွေများ၊ ဝန်ဆောင်မှုများ မျှတစွာ စီးဆင်းနေခြင်းရှိ/မရှိနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်းများကို ထည့်သွင်းကျင့်သုံးသင့်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ခွဲခြားဆက်ဆံခြင်းနှင့် ဖယ်ကျဉ်ခံရခြင်းတို့ကြောင့် ခေတ်အဆက်ဆက်တွင် နောက်ကျနေခဲ့သော အမျိုးသမီးများကို ကဏ္ဍများတွင် ပိုမိုပါဝင်လာစေရန် တိုက်ရိုက်အားပေးမြှင့်တင် ပေးနိုင်မည်ဖြစ်သည်။

အစိုးရ ဘဏ္ဍာရေးမူဝါဒသည် အမျိုးသမီးများနှင့် အမျိုးသားများအပေါ် ကွဲပြားခြားနားသည့် သက်ရောက်မှု ရှိသည်ကို သုံးသပ်ခြင်းနှင့် လိုအပ်သည့်အလျောက် ဘဏ္ဍာငွေများ ယာထား သတ်မှတ်ခြင်းတို့ ပါဝင်သည်။ မိန်းကလေးငယ်များ တန်းတူညီမျှစွာ ကျောင်းတက်ပိုင်ခွင့်ရှိစေရန် သတ်မှတ်ခြင်းနှင့် ထိုကဲ့သို့သော မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်နိုင်စေရန် ရံပုံငွေများ တိုက်ရိုက် ချမှတ်ပေးခြင်းတို့သည် ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားပေးခြင်း၏ ဥပမာများ ဖြစ်သည်။[37]

ထိုကဲ့သို့သော ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရာတွင် လိုအပ်ချက်များအပေါ် မူတည်၍ သီးခြား လုပ်ငန်းစဉ်များ အတွက် အသုံးစရိတ် expenditure for specific program နှင့် လုပ်ထုံးလုပ်နည်း အလေ့အထများ တည် ဆောက်ရန် အသုံးစရိတ်များ expenditure for mainstreaming တို့ဖြင့် အမျိုးသမီးများ၏ လတ်တလော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်။[38] အသုံးပြုမှု အထိုင်ကျလာသည့်အခါ သွက်လက် မြန်ဆန်လာပြီး ယခင်ကထက် ပိုမိုရှင်းလင်းခြင်းနှင့် ပိုမိုပွင့်လင်းမြင်သာမှု ရှိလာခြင်းတို့ကြောင့် ကျားမတန်းတူရေးမြှင့်တင်ရာတွင် အထောက်အကူပြုနိုင်သည့် စနစ်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ပင် ကျားမတန်းတူရေး ကွာဟမှုများသော အိန္ဒိယနိုင်ငံသည် ၂၀၀၅-၀၆ ဘဏ္ဍာနှစ်မှ စတင်ကာ ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်းကို လိုအပ်သော ထောက်ပံ့ကူညီမှုများ၊ ငွေကြေးအရင်းအမြစ်များ ခွဲဝေရရှိသုံးစွဲနိုင်စေရန် စတင်ကျင့်သုံးခဲ့သည်။ ယင်းမူဝါဒ တွင် အပိုင်းနှစ်ပိုင်းပါရှိပြီး အပိုင်း (၁) တွင် အမျိုးသမီးများအတွက်သာ ၁၀၀ ရာခိုင်နှုန်းလုံး အသုံးပြုနိုင် သည့် သီးခြားအသုံးစရိတ် women specific scheme နှင့် အပိုင်း (၂) တွင် မည်သည့်ခွဲဝေမှုများတွင်မဆို အမျိုးသမီးများအတွက် အနည်းဆုံး ၃၀ ရာခိုင်နှုန်း ကြိုတင် ချမှတ်ထားသော အသုံးစရိတ် pro women scheme တို့ ပါဝင်ရမည်ဟု သတ်မှတ်ပြဌာန်း အကောင်အထည်ဖော်နေသည်။[39]

*35 Burnley, Jasmine; Ei Phyu, Poe & Hilton, Melanie. A case for gender-responsive budgeting in Myanmar.*
*36 What is gender Mainstreaming? http://eige.europa.eu/gender-mainstreaming/what-is-gender-mainstreaming*
*37 https://www.economist.com/blogs/economist-explains/2017/03/economist-explains-2*
*38 Ronnie Downes, Lisa von Trapp and Scherie Nicol. Gender Budgeting in OECD countries.*
*39 Budgeting for Gender Equity. http://wcd.nic.in/gender-budgeting.*

ကျားမရေးရာတန်းတူရေး မြင့်မားသည့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ OECD အဖွဲ့ဝင်နိုင်ငံအချို့တွင် ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်းကို မူလက ယာယီသုံးစွဲရန်သာ ရည်ရွယ်ခဲ့သော်လည်း ဘဏ္ဍာငွေများ ခွဲဝေစီးဆင်းမှုနှင့် အကျိုးသက်ရောက်မှု ပြန်လည်ဆန်းစစ်ခြင်းများကို ပိုမိုလွယ်ကူထိရောက်၍ ပွင့်လင်းမြင်သာမှုရှိစေသောကြောင့် ထိုစနစ်ကို ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်။[40]

ထို့ကြောင့် လက်ရှိမြန်မာနိုင်ငံ၏ ဝန်ကြီးဌာန ၂၂ ဌာနအသီးသီးတို့၏ ဘဏ္ဍာငွေများသုံးစွဲသည့် အဆင့်ဆင့်တွင် ကျားမနှစ်မျိုးတို့အကြား ဘဏ္ဍာငွေများ၊ ဝန်ဆောင်မှုများ မျှတစွာ စီးဆင်းနေခြင်းရှိ/မရှိနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်းများကို ထည့်သွင်းကျင့်သုံးသင့်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ခွဲခြားဆက်ဆံခြင်းနှင့် ဖယ်ကျဉ်ခံရခြင်းတို့ကြောင့် ခေတ်အဆက်ဆက်တွင် နောက်ကျနေခဲ့သော အမျိုးသမီးများကို ကဏ္ဍများတွင် ပိုမိုပါဝင်လာစေရန် တိုက်ရိုက် အားပေးမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် လက်ရှိအစိုးရယန္တရား၏ အစိတ်အပိုင်းများဖြစ်ကြသော ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၊ ဒေသန္တရ အစိုးရများအားလုံးတို့၏ ဘဏ္ဍာရေးအသုံးစရိတ်များ ရေးဆွဲသတ်မှတ်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင်စေခြင်းနှင့် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်းတို့ဖြင့် အောက်ခြေလူထု အမျိုးသမီးများ၏ ပူပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်တို့ကို မြှင့်တင်လာနိုင်မည်ဖြစ်သည်။

## အစိုးရ၏ ပြည်သူ့ရေးရာမူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်း မူဝါဒ (GENDE-SENSTIVE POLICY)

ကျားမရေးရာများကို နားလည်အသိအမှတ်ပြုခြင်း gender awareness သည် ကျားမဆိုင်ရာ ရှုထောင့်မှ လူမှုအသိုင်းအဝိုင်း၏ တည်ဆောက်ပုံနှင့် ထိုတည်ဆောက်ပုံများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ကြည့်ပါက အမျိုးသမီးများ၏ လိုအပ်ချက်များအပေါ် မည်သို့ သက်ရောက်မှုရှိသည်တို့ကို ရှုမြင်နိုင်စွမ်းရှိခြင်းကို ဆိုလိုသည်။[41] အစိုးရ၏ပြည်သူ့ရေးရာမူဝါဒများ ချမှတ်ရာတွင် ကျားမရေးရာများကို ထည့်သွင်းစဉ်းစားခြင်း gender sensitive policy ဆိုသည်မှာ မူဝါဒများချမှတ်ရာတွင် ကျားမဆိုင်ရာကွဲပြားမှုများနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များ၊ ထိုမူဝါဒများ၏ အမျိုးသမီးများနှင့် အမျိုးသားတို့အပေါ် ကွဲပြားခြားနားသည့် သက်ရောက်မှုများ ထည့်သွင်းစဉ်းစားခြင်းတို့ဖြစ်သည်။[42]

ထို့အပြင် နိုင်ငံရေးနှင့် ခေါင်းဆောင်မှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ကြိုးပမ်းရာတွင် မူဝါဒချမှတ်သူများအနေဖြင့် ဖယ်ကျဉ်ခံထားရသည့် အကြောင်းအရင်းများကို ချင့်ချိန်သုံးသပ်ခြင်းနှင့် အမျိုးသမီးများသာ တွေ့ကြုံရလေ့ရှိသည့် အန္တရာယ်များနှင့် စိန်ခေါ်မှုများကို သေချာစွာ တိုင်းတာခြင်းများပြုလုပ်ရပါသည်။[43] ဥပမာအားဖြင့် လူမှုလုံခြုံရေးစီမံကိန်းများမှ ဝန်ဆောင်မှုများကို လက်ခံရယူခွင့်ရှိသည့် ပြည်သူလူထုတို့၏ အရည်အချင်းများ သတ်မှတ်ရာတွင် အမျိုးသမီးများအား ဖယ်ကျဉ်ထားခြင်း (သို့မဟုတ်) နစ်နာခြင်းများ မရှိစေရန် သေချာစွာ လုပ်ဆောင်ရမည်။ အကျဉ်းအားဖြင့်ဆိုရသော် လူမှုဖူလုံရေးမူဝါဒများသည် ကျားမကွဲပြားမှုတို့အပေါ် ကွဲပြားသည့် သက်ရောက်မှုများရှိနေသည်ကို အစိုးရတို့မှ အသိအမှတ်ပြုရန် လိုအပ်ပါသည်။

---

40 *Ibid*

41 *Engendering Economic Governance. http://www1.aucegypt.edu/src/engendering/definitions.html*

42 *Gender — sensitive and women friendly public Policies: a comparative analysis of their progress and impact.*

43 *Gender-sensitive policy design and implementation. SOCIAL PROTECTION & HUMAN RIGHTS.*

## ကျားမရေးရာကို အစဉ်တစိုက် အလေးထားသည့် အလေ့အထများ တည်ဆောက်ခြင်း (GENDER MAINSTREAMING)

> "ကျားမရေးရာ အမြင်ရှုထောင့်များကို ရှုမြင်နိုင်သည့် အလေ့အထများ တည်ဆောက်ခြင်းသည် ဥပဒေများ၊ မူဝါဒများ သို့မဟုတ် လုပ်ငန်းစဉ်များ အပါအဝင် လုပ်ငန်းစီမံကိန်းများ ချမှတ်သည့် ကဏ္ဍတိုင်းနှင့် အဆင့်တိုင်းတို့တွင် အမျိုးသမီးများနှင့် အမျိုးသားတို့အပေါ် သက်ရောက်မည့် အကျိုးဆက်များကို ချင့်ချိန်သုံးသပ်သည့် ဖြစ်စဉ်ဖြစ်သည်။ ဤဖြစ်စဉ်၏ အန္တိမပန်းတိုင်းမှာ ကျားမတန်းတူရေးဖြစ်သည်။"[44]

အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူညီမျှသည့် အကျိုးခံစားခွင့်ရရှိခြင်းနှင့် တန်းတူညီမျှမှုမရှိသည့် သံသရာကို ရပ်တန့်နိုင်ရန် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ပုံဖော်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းများတွင် အမျိုးသမီးများနှင့် အမျိုးသားတို့၏ စိုးရိမ်ပူပန်မှုများနှင့် အတွေ့အကြုံများကို အဓိကအရေးကြီးသည့် အကြောင်းအရာတရပ်အနေဖြင့် ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။[45] ထိုလုပ်ထုံးလုပ်နည်းကို လုပ်ရိုးလုပ်စဉ်တခုအဖြစ် လက်ခံကျင့်သုံးလာခြင်းသည် ကျားမရေးရာများကို အစဉ်တစိုက် အလေးထားသည့် အလေ့အထများ တည်ဆောက်နိုင်ခြင်းပင်ဖြစ်သည်။

---

44 *Engendering Economic Governance. http://www1.aucegypt.edu/src/engendering/definitions.html*

45 *Ibid.*

# နိဂုံး

ကျားမတန်းတူရေးသည် လူမှုအသိုင်းအဝိုင်းအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများအတွက် ကောင်းကျိုးများစွာ ဖော်ဆောင်ပေးသည်ကို ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် အခြား ဒီမိုကရေစီကို အလေးထားသောအဖွဲ့အစည်းများမှလည်း ကျားမတန်းတူရေးမူဝါဒများ ချမှတ်ကာ ဗျူဟာအမျိုးမျိုးဖြင့် ကျားမတန်းတူရေးကို ဖော်ဆောင်ရန် ကြိုးပမ်းလာခဲ့ကြသည်။

ဤစာတမ်းတွင်လည်း ကျားမတန်းတူရေးဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်မည့် နည်းဗျူဟာများကို ဆွေးနွေးတင်ပြခဲ့ပါသည်။ ကျားမတန်းတူရေးအတွက်သော်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းတရပ်လုံးအတွက်သော်လည်းကောင်း သက်ရောက်သည့် ဤနည်းဗျူဟာများ၏ အားသာချက်များ၊ အားနည်းချက်များကိုလည်း အကျဉ်းချုံး ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့ကြောင့် ဤစာတမ်းမှ မူဝါဒချမှတ်ဖော်ဆောင်ရေး လုပ်ငန်းများအတွက် တစုံတရာ အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

နောက်တဆင့်အနေဖြင့် ထိုနည်းဗျူဟာများကို မည်ကဲ့သို့ စနစ်တကျ ချမှတ်အကောင်အထည်ဖော်သွားနိုင် မည်ဆိုသည့် နည်းနာများကိုမူ ဤစာတမ်းမှ ဆွေးနွေးတင်ပြပေးနိုင်ခြင်းမရှိခဲ့ပေ။ ထို့အပြင် ကျားမတန်းတူရေးများကို ဖော်ဆောင်နိုင်ခြင်းအားဖြင့် လူမှုအသိုင်းအဝိုင်းအတွက်၊ နိုင်ငံအတွက် မည်ကဲ့သို့သော အကျိုးအမြတ်များ ရရှိလာနိုင်မည်၊ ထိုအကျိုးအမြတ်များကို မည်ကဲ့သို့ စနစ်တကျ စောင့်ကြည့်လေ့လာ၍ တိုင်းတာခြင်းများ ပြုလုပ်သင့်သည် စသည့် အကြောင်းအရာများကိုလည်း ဆက်လက် သုတေသနပြုလုပ် သွားရန် လိုအပ်ပါသည်။

ထို့အပြင် အထက်တွင် ဖော်ပြခဲ့သည့် မူဝါဒများနှင့် နည်းဗျူဟာများကို ချမှတ်အသုံးပြုရာတွင် ထိရောက်အောင်မြင်မှု ရှိ/မရှိ၊ ထိုမူဝါဒများနှင့် ဗျူဟာများ၏ အားနည်းချက်များကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းနိုင်မည်၊ အားသာချက်များကို မည်ကဲ့သို့ တိုးချဲ့ဆောင်ရွက်နိုင်မည် စသည်တို့ကိုလည်း လာမည့်နှစ်အတွင်း ဆက်လက် သုတေသနပြု လေ့လာသွားရန် လိုအပ်ပါသည်။

# အကြံပြု တင်ပြချက်များ

## (၁) ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်နေသော အဖွဲ့အစည်းများ အားလုံး

**ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသော အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်၊ တိုင်းရင်းသား လက်နက်တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက် အဖွဲ့အစည်းများအားလုံး**

- ပြည်တွင်းစစ် ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေ့ရှု၍ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တိုင်းရင်းသားတန်းတူရေးတို့အပြင် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်များတွင် အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုတို့၏ ကိုယ်စားပြုပါဝင်မှုတို့ကို မြင့်တင်ပေးနိုင်သည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။
- နိုင်ငံရေးကဏ္ဍ၏ ဖက်ဒရယ်အခြေခံမူများတွင် ကျားမတန်းတူရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့် တိုင်းတွင် အမျိုးသမီးများ ၃၀ ရာခိုင်နှုန်းပါဝင်ရမည် ဆိုသည့် အခြေခံမူများ ထည့်သွင်းအတည်ပြုရန်။
- ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အပါအဝင် ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်ဆင့်၏ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများတွင် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် NCA အပိုဒ် ၂၃ တွင် ပြဌာန်းထားသည့်အတိုင်း "ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုအဆင့်တိုင်းတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်လာရေး" ကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။
- ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေး လုပ်ငန်းစဉ်အဆင့်ဆင့်တို့နှင့် ပတ်သက်၍ မူဝါဒများ ရေးဆွဲချမှတ်ရာတွင် ကျားမရေးရာကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်။
- ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေး လုပ်ငန်းစဉ်အဆင့်ဆင့်တို့နှင့် ပတ်သက်၍ ဘဏ္ဍာငွေများ သတ်မှတ်ရာတွင်လည်း အမျိုးသမီးများအတွက် အထူးလိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်မည့် ဘဏ္ဍာငွေများ သီးခြား သတ်မှတ်ပေးရန်။

## (၂) အစိုးရနှင့် လွှတ်တော်

- ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင် "ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အဆင့်ဆင့်တိုင်းတို့တွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်စေရန်" အချက်ကို ဖြည့်စွက်ပြဌာန်းရန်။
- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် နိုင်ငံရေးပါတီများ၏ ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများတွင် အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်မှသာ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဟု ဖြည့်စွက်ပြဌာန်းရန်။
- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် အမျိုးသမီးများနှင့် တိုင်းရင်းသား လူနည်းစုများ ပိုမိုပါဝင်လာရေးကို အထောက်အကူပြုသည့် အချိုးကျကိုယ်စားပြုစနစ်ကို ပြောင်းလဲကျင့်သုံးရန်။

- နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတွင် "နိုင်ငံရေးပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီအပါအဝင် ခေါင်းဆောင်မှုများတွင် အမျိုးသမီး အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရမည်" ဆိုသည့် အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီမှသာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရရှိမည် ဆိုသည်ကို ဖြည့်စွက်ပြဋ္ဌာန်းရန်။
- နှစ်ပတ်လည် ဘဏ္ဍာငွေများ ရေးဆွဲရာတွင် ကျားမရေးရာကိစ္စရပ်များကို gender budgeting ထည့်သွင်း စဉ်းစားရန်။
- မူဝါဒများ ရေးဆွဲချမှတ်ရာတွင် ကျားမရေးရာ ကိစ္စရပ်များကို gender sensitive policy ထည့်သွင်း စဉ်းစားရန်။
- အစိုးရ၏ ဝန်ကြီးဌာနများ၏ ဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးများ ရွေးချယ်ခန့်အပ်ရာတွင် ကျားမကွဲပြားမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုများကို စနစ်တကျ ရှောင်ရှားရန်နှင့် အမျိုးသမီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ ပိုမိုပါဝင်လာစေရေးအတွက် အထူး သတိပြု ရွေးချယ်ခန့်အပ်ရန်။

## (၃) တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ

- တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အသီးသီး၏ ဗဟိုအလုပ်အမှုဆောင်များ အပါအဝင် စစ်ဘက်ဆိုင်ရာနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဌာနများအသီးသီးတို့တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် အထူးစီမံဆောင်ရွက်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်။
- စစ်ဘက်ဆိုင်ရာ ရာထူးအဆင့်ဆင့်တို့တွင် တာဝန်ပေးအပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းများ ပြုလုပ်ရာတွင် ကျားမကွဲပြားမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုများ လျော့ချရန်နှင့် အမျိုးသမီးအရာရှိများ ပိုမို တိုးများလာစေရေးအတွက် အထူးစီမံဆောင်ရွက်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်။
- ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲအဆင့်ဆင့်နှင့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများအတွက် ကိုယ်စားလှယ်များစေလွှတ်ရာတွင်လည်း အမျိုးသမီး ကိုယ်စားလှယ်များကို ပိုမို ထည့်သွင်းစေလွှတ်ရန်။

## (၄) နိုင်ငံရေး ပါတီများ

- ပါတီများတွင် အမျိုးသမီးပါတီဝင်များ ပိုမိုတိုးပွားလာစေရန် အမျိုးသမီးများကို နိုင်ငံရေး နိုးကြားမှုရှိ လာစေရန် စွမ်းရည်မြှင့်တင်ခြင်းများ၊ ပညာပေးခြင်းများနှင့် စည်းရုံးလှုံ့ဆော်ခြင်းများ ပြုလုပ်ရန်။
- ပါတီ၏ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်နှင့် ဗဟိုအဆင့် အလုပ်အမှုဆောင်ကော်မတီများတွင်လည်း အမျိုးသမီးကော်မတီဝင်များ၊ ဥက္ကဋ္ဌများ ပိုမိုပါဝင်လာရေးကို အထူးစီမံဆောင်ရွက်ချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။
- ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင်လည်း အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်း အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရန်။
- ပါတီ၏ ရံပုံငွေသတ်မှတ်ရာတွင် ပါတီဝင် အမျိုးသမီးများအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် စည်းရုံးရေးတွင် အသုံးပြုနိုင်မည့် ရံပုံငွေများကို သီးခြား သတ်မှတ်ပေးရန်။
- ပါတီ၏ မူဝါဒများ ချမှတ်ရာတွင်လည်း ကျားမရေးရာများကို ထည့်သွင်းစဉ်းစားရန်။

## (၅) တပ်မတော်ထံသို့ အကြံပြုခြင်း

- စစ်ဘက်ဆိုင်ရာ ရာထူးအဆင့်ဆင့်တို့တွင် တာဝန်ပေးအပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းများပြု လုပ်ရာတွင် ကျားမကွဲပြားမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုများ လျော့ချရန်နှင့် အမျိုးသမီးအရာရှိများ ပိုမိုတိုးများလာစေရေးအတွက် အထူးစီမံဆောင်ရွက်ချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန်။
- ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲအဆင့်ဆင့်နှင့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ အတွက် ကိုယ်စားလှယ်များ စေလွှတ်ရာတွင်လည်း အမျိုးသမီးကိုယ်စားလှယ်များကို ပိုမို ထည့်သွင်းစေလွှတ်ရန်။

## (၆) အရပ်ဘက် အဖွဲ့အစည်းများ

- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လုပ်ဆောင်နေသည့် အစုအဖွဲ့ တဖွဲ့အနေဖြင့် အရပ်ဘက် အဖွဲ့အစည်းများသည် မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော် အဆင့် ကော်မတီများ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများ အသီးသီးတို့တွင် အမျိုးသမီးကိုယ်စားလှယ်များ ပိုမိုပါဝင်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။
- အဆင့်ဆင့်သော ဆွေးနွေးပွဲများအတွက် ဆွေးနွေးမည့် ခေါင်းစဉ်များ၊ အကြောင်းအရာများ၊ ဦးဆောင် ဆွေးနွေးမည့်သူများ ရွေးချယ်သတ်မှတ်ခြင်းတို့အပါအဝင် ကြိုတင်ပြင်ဆင်ခြင်း အဆင့်ဆင့်တို့တွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် အလေးထား ဆောင်ရွက်ရန်။
- အရပ်ဘက်အဖွဲ့အစည်းများစာရင်းတွင် ပါဝင်နေသည့် နယ်မြေဒေသအသီးသီးရှိ အမျိုးသမီး အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်။
- မူဝါဒများ ရေးဆွဲချမှတ်ခြင်းနှင့် ဘဏ္ဍာငွေများ ယာထားသတ်မှတ်ခြင်းတို့တွင်လည်း ကျားမ ရေးရာကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်

## (၇) သတင်းမီဒီယာများ

- မီဒီယာများအနေဖြင့် ကျားမရေးရာ ကိစ္စရပ်များကို သိမြင်နားလည်၍ အမျိုးသမီးများကို စစ်ပဋိပက္ခ များ၏ သားကောင်များအဖြစ်သာ ရေးသား၊ တင်ဆက်ခြင်းအပြင် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးနှင့် လူမှုရေးရာ အပြောင်းအလဲတို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် အမျိုးသမီးများအကြောင်းကိုပါ ရေးသား၊ တင်ဆက်ရန်။
- စစ်ရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီးတို့အပေါ် အမျိုးသားနှင့် အမျိုးသမီးတို့၏ အမြင်ရှုထောင့်များ ကွဲပြားကြသည့်အတွက် ထိုအရေးကိစ္စ များကို အမျိုးသမီးများ၏ ရှုထောင့်မှ ရေးသားတင်ဆက်ခြင်းများ ပြုလုပ်နိုင်ရန် အမျိုးသမီး သတင်းထောက်များကို ပိုမို အသုံးပြုရန်။
- အမျိုးသမီးသတင်းထောက်များ ပိုမိုများပြားလာစေရေးအတွက် သတင်းဌာနများအနေဖြင့် အထူးစီမံ ဆောင်ရွက်ချက်များ ချမှတ်အကောင်အထည်ဖော်ရန်။
- သတင်းများ ရေးသား၊ တင်ဆက်ရာတွင် ကျားမဆိုင်ရာ အရေးကိစ္စများကိုပါ အလေးထား၍ ထည့်သွင်း စဉ်းစားရန်။

## (၈) နိုင်ငံတကာ အဖွဲ့အစည်းများ

- နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း UDHR၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံနေမှုများအားလုံး ပပျောက်ရေး သဘောတူညီချက် CEDAW၊ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅ တို့အပါအဝင် နိုင်ငံတကာမှ သတ်မှတ်ထားသည့် ကျားမတန်းတူရေးဆိုင်ရာ စံချိန်စံနှုန်းများကို မပျက်မကွက် လိုက်နာဆောင်ရွက်ရန်။
- ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ရံပုံငွေများ ပံ့ပိုးရာတွင် ကျားမတန်းတူရေးဆိုင်ရာ ကိစ္စရပ်များ ကို ထည့်သွင်း ရေးဆွဲထားသည့် စီမံကိန်းများကို ဦးစားပေး ပံ့ပိုးရန်။
- ငြိမ်းချမ်းရေး ရံပုံငွေများ လျှောက်ထားခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် အဖွဲ့အစည်းအသီးသီး ၏ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့တွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရမည် ဆိုသည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားရန်။
- ကျားမတန်းတူရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်နေသည့် အမျိုးသမီး အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းတို့အတွက် ရံပုံငွေများ သီးသန့် ယာထားသတ်မှတ်ပေးရန်။
- ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၈၈၉ တွင် ပါရှိသည့်အတိုင်း ငြိမ်းချမ်းရေး အသုံးစာရိတ်များတွင် အမျိုးသမီးများအတွက် အနည်းဆုံး ၁၅ ရာခိုင်နှုန်းကို ယာထားသတ်မှတ်ရန်။

# ကျမ်းကိုးစာရင်း


Advancing Gender Equality within a Federal Governance Model in Myanmar. UN Women. 2017. Document.

Alliance for Gender Inclusion in the Peace Process (AGIPP). Policy Paper No. 3. *International Standards Guiding Gender Inclusion in Myanmar's Peace Process.* May 2017. Yangon.

*Budgeting for Gender Equity.* MinistryOF Women & Child Development GOI. http://wcd.nic.in/gender-budgeting. 17 November 2017.

Burnley, Jasmine, Ei Phyu, Poe and Hilton Melanie. A case for gender-responsive budgeting in Myanmar. Oxfam GB, Action Aid, Care, Women Organizations Network, 2016. Electronic book.

*Constituting Our Right.* February, 2006. Chiang Mai. Women's League of Burma. Document.

Comfort, Christine M. The Effects of Federalism on Women's Political Representation: A Case Study of German Federalism. 2013. Univeristy of Central Florida. Document.

European Institute for Gender Equality. 2017. Website. 18 November 2017.

Gender Composition of Representatives from Winning Ethnic Parties in All Three Parliaments. Myanmar Political Information: linking analytical resources. Retrieved from https://www.mypilar.org/en/publication/ gender-composition-representatives-winning-ethnic-parties-all-three-parliaments. Retrieved on: November 15, 2017

Gender — sensitive and women friendly public Policies: a comparative analysis of their progress and impact. EU Research on Social Sciences and Humanities. 2005. PDF. Retrieved from http://cordis.europa.eu/documents/documentlibrary/ 90619051EN6.pdf. Retrieved on June 2017.

Gender-sensitive policy design and implementation. SOCIAL PROTECTION & HUMAN RIGHTS. Retrieved from http://socialprotection-humanrights.org/key-issues/gender/gender-sensitive-policy-design-and-implementation/. Retrieved on August 2017.

K.McCarthy, Mary. "Women's Participation in Peace Building: A Missing Peace of the Puzzle?" CUREJ-College Undergraduate Research 08 April 2011. Electronic Book.

Lang, Sabine & Sauer, Birgit. *Does Federalism Impact Gender Architectures? The Case of Women's Policy Agencies in Genmany and Austira.* 2012. Publius: The Journal of Federalism. Vol. 43 Number 1, pp.68-89.

*Looking Through Gender Lenses: Position Paper on Gender Equality.* September, 2006. Chiang Mai. Women's League of Burma. Document.

Mai, Nyathon Fames Hoth. "THE SUDD INSTITUTE." 1 December 2015. www.suddinstitute.org. electronics book. 18 November 2017.

National Democratic Institute. *Why Women in Politics?*. Retrieved from https://www.ndi.org/ files/ Handout%204%20-%20Why%20Women%20in%20Politics.doc. Retrieved On November 16, 2017

Potter, Antonia. Gender sensitivity: nicety or necessity in peace process management?. Centre for Humanitarian Dialogue, 2008. Electronic book.

Ronnie Downes, Lisa von Trapp and Scherie Nicol. Gender Budgeting in OECD countries. OECD, 2017. Electronic book.

Shwe Shwe Sein Latt, et al. *Women's Political Participation in Myanmar: Experiences of Women Parliamentarians 2011-2016*. The Asis Foundation. 2017. Yangon.

United Nations. *Sustainable Development Goals. Goal 5: Achieve gender equality and empower all women and girls.* Retrieved from http://www.un.org/sustainabledevelopment/gender-equality/. Retrieved On 2017, November 16.

What is gender Mainstreaming? Belgium: EIGE, 2016 http://eige.europa.eu/gender-mainstreaming/what-is-gender-mainstreaming.

THE SALWEEN INSTITUTE
*for* Public Policy

www.salweeninstitute.org

Women's League of Burma

www.womenofburma.org